မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ တပေါင်းလဆန်း ၁ ရက်၊ ၂၀၀၈ခုနှစ်၊ မတ် ၇ ရက်၊ သောကြာနေ့၊ အတွဲ (၄၇)၊ အမှတ် (၁၅၉)

(၆၃) နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရာတွင် ပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

၂။ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသား ပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်ရေး။

၃။ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်း၊ ပြည်ပ အဖျက်သမားများကို ပြည်သူတို့နှင့်အတူ လက်တွဲ၍ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ချေမှုန်းရေး။

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီ မျိုးချစ်တပ်မတော် တည်ဆောက်ရေး။

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာ ဂမ်ဘာရီ ရန်ကုန်မြို့သို့ရောက်ရှိ နိုင်ငံခြားရေးဝန်ကြီး၊ နိုင်ငံခြားသံရုံးများမှ သံတမန်များ၊ ICRC ဌာနေကိုယ်စားလှယ်တို့နှင့်တွေ့ဆုံ

ရန်ကုန် မတ် ၆

ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် Mr. Ibrahim Agboola Gambari နှင့် အဖွဲ့သည် ယနေ့နံနက် ၉ နာရီ ၁၀ မိနစ်တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိသည်။

တွေ့ဆုံ

ထို့နောက် Mr. Gambari သည် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် ဧည့်ရိပ်သာ၌ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း**(ယာပုံ)**နှင့်လည်းကောင်း၊ မွန်းလွဲ ၂ နာရီခွဲတွင် စိမ်းလဲ့ကန်သာ နိုင်ငံတော်ဧည့်ဂေဟာ၌ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများနှင့် တာဝန်ရှိသူများနှင့်လည်းကောင်း၊ ညနေ ၃နာရီခွဲတွင် အပြည်ပြည်ဆိုင်ရာကြက်ခြေနီအဖွဲ့ (ICRC)ဌာနေကိုယ်စားလှယ်နှင့်လည်းကောင်း တွေ့ဆုံသည်။

ညပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီး ဌာန ဝန်ကြီး ဦးဉာဏ်ဝင်းက Mr. Gambari အား မြရိပ်ညိုရွှိုင်ရယ်ဟိုတယ်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း ဆောင်းပါး အညွှန်း

အခုဆိုရင် တည်ဆောက်မှုကာလတွေကို အောင်မြင်ပြီးမြောက် ခရီးရောက်ခဲ့ပါပြီ။ တည်ဆောက်မှု ကာလတိုင်းမှာ ရင်းနှီးပေးဆပ်ရတာတွေ၊ နစ်နာဆုံးရှုံးခဲ့ရတာတွေ၊ နာကျင်ခံစားခဲ့ရတာတွေ ရှိစမြဲဖြစ်ပါတယ်။ မြန်မာ့နိုင်ငံရေးခရီးလမ်းဟာ ပန်းခင်းလမ်း မဟုတ်ခဲ့တာ အားလုံးအသိပါပဲ၊ တားဆီးပိတ်ဆို့မှု၊ ဟန့်တားနှောင့်ယှက်မှု၊ ချွတ်ချော်တိမ်းစောင်းမှု အကြိမ်ကြိမ်ပြန်လည်ထူထောင်မှုတွေနဲ့ ရင်ဆိုင်ကျော်လွှားခဲ့ရတာ ဖြစ်ပါတယ်။

ကျော်မင်းအေး၏ ကြားလေသွေးလို့ အဝေးမခံသင့်ပါ ဆောင်းပါး (စာ-၁၀) တွင် ဖတ်ရှုနိုင်ပါသည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် မတ် ၇ ရက်)

ဈေးကွက်ဝင်ပဲမျိုးစုံ ပိုမိုတင်ပို့နိုင်ရေး အရည်အသွေးကောင်း ပဲများတိုးချဲ့စိုက်ပျိုး

မြန်မာနိုင်ငံတွင် သီးနှံမျိုးစုံစိုက်ပျိုးနိုင်သည့် ရေ၊ မြေ၊ ရာသီဥတု အခြေခံကောင်းများရှိသည်။ ပြည်တွင်းပြည်ပ ဈေးကွက်တွင် ပဲဈေးကောင်းမွန်လာသဖြင့် ပဲဈေးကွက်၏ ဝယ်လိုအားမြင့်မားမှုကြောင့် ပဲစိုက်တောင်သူများ ပဲမျိုးစုံ တိုးချဲ့စိုက်ပျိုးလျက်ရှိသည်။

ပဲမျိုးစုံကို ရန်ကုန်၊ ဧရာဝတီ၊ ပဲခူး၊ မန္တလေး၊ မကွေးနှင့် စစ်ကိုင်းတိုင်းတို့တွင် အဓိကထားပြီး အထွက်တိုးရေး ကြိုးပမ်းစိုက်ပျိုးနေကြသည်။ နိုင်ငံတစ်ဝန်း နှစ်စဉ် ပဲစိုက်ဧကမှာ ကိုးသန်းကျော်ရှိပြီး ပဲမျိုးစုံတန်ချိန် လေးသန်းကျော်ထွက်ရှိသည်။ ပြည်ပသို့ နှစ်စဉ်ပဲတန်ချိန် တိုးမြှင့်တင်ပို့လျက်ရှိရာ ပဲစိုက်ပျိုးမှုမှ နိုင်ငံတော်နှင့် တောင်သူများအကျိုးစီးပွား ဖြစ်ထွန်းရရှိနေပြီဖြစ်သည်။

ပဲမျိုးစုံ ထုတ်ကုန်အရေအတွက်သာမက အရည်အသွေးပါ တိုးတက်လာရေး ကြိုးပမ်းဆောင်ရွက် သွားကြရမည်ဖြစ်သည်။ ကမ္ဘာပေါ်တွင် ပဲအများဆုံးတင်ပို့သည့် နိုင်ငံများအနက် ကနေဒါနိုင်ငံပြီးလျှင် မြန်မာနိုင်ငံက ဒုတိယအများဆုံး တင်ပို့နေသည်။

မြန်မာ့ပဲမျိုးစုံကို စင်ကာပူ၊ ဘင်္ဂလားဒေ့ရှ်၊ မလေးရှား၊ တရုတ်နှင့် အိန္ဒိယနိုင်ငံများသို့ တင်ပို့လျက် ရှိသည်။

ပဲစိုက်တောင်သူများအနေဖြင့် ပဲဈေးကွက်၏ ပဲလိုအပ်ချက်မြင့်မားလာခြင်း၊ စိုက်ပျိုးထုတ်လုပ်မှု စရိတ်သက်သာခြင်း၊ သီးထပ်သီးညှပ်အဖြစ် စိုက်ပျိုးနိုင်ခြင်းတို့ကြောင့် အရည်အသွေးကောင်း အထွက်တိုးပဲများကို တိုးချဲ့စိုက်ပျိုးလာကြသည်။

ယခုလက်ရှိ ဒုတိယအများဆုံးတင်ပို့သည့် နိုင်ငံအဖြစ်မှ ပထမအများဆုံးတင်ပို့နိုင်သည့်အဆင့်သို့ ရောက်ရှိရေး ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ပဲများ အစားထိုးရွေးချယ်ပြီး အလေးထား ဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ တောင်သူများ ဝင်ငွေတိုးတက်ရရှိရေးအတွက် ဒေသနှင့်ကိုက်ညီသည့် အရည်အသွေးကောင်း၊ အထွက်တိုး ပဲမျိုးများ တိုးချဲ့စိုက်ပျိုး ထုတ်လုပ်ခြင်းဖြင့် နိုင်ငံတကာ ဈေးကွက်ဝင်ပဲမျိုးများ ပိုမိုတိုးမြှင့် တင်ပို့နိုင်မည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရန်ကုန်မြို့ ဗိုလ်တထောင်ဘုရားလမ်းနေ အဋ္ဌဝါကိုကိုတင်-ဒေါ်လှလှမြင့်(တရားရုံးချုပ်ရှေ့နေ)တို့အား အမှူးထား၍ သား မောင်တင်ဝင်းထွဏ်းက ကြေးပိဋကတ် သုတ္တန္တပိဋကဝင် မဇ္ဈိမပဏ္ဏာသ ပါဠိတော် ကြေးပြားလေးချပ် တန်ဖိုးငွေကျပ် တစ်သိန်းကို ကြေးပိဋကတ်တော်ပြုလုပ်လှူဒါန်းရေး ဦးဆောင်ဆရာတော် ဘဒ္ဒန္တဉာဏထံ ဆက်ကပ်လှူဒါန်းရာ ဆရာတော်က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

ကြာနီကန်ဆရာတော် ဦးရေဝတ(ဝါးခယ်မ) တရားပွဲ

ရန်ကုန် မတ် ၆

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အလယ်ရွှေဂုံတိုင် ငါးထပ်ကြီးမြောက်လိပ်ပြာကန် ကြာနီကန်ကျောင်းတိုက်၏ ဦးစီးပဓာနနာယက နိုင်ငံကျော်ဓမ္မကထိက ကြာနီကန်ဆရာတော် ဦးရေဝတ(ဝါးခယ်မ)သည် မတ် ၁၅ ရက်နှင့် ၁၆ရက်တွင် ၄က်ပျောစုကျေးရွာ ဦးတင်ဝင်း-ဒေါ်တင်ဝင်း မိသားစု၏ ရှင်၁၀၈ပါး ရှင်ပြုအလှူပွဲ၊ ၁၇ရက်၊ ၁၈ရက်နှင့် ၁၉ရက်တွင် ကျုံနတ်တော်ကျေးရွာ ကန်တော်ဦးကျောင်း မအူပင်မြို့နယ်နှင့် ဦးဝင်းလှိုင်-ဒေါ်စမ်းစမ်းမော်၊ ဦးဝင်းနိုင်-ဒေါ်လှလှမော်တို့၏ ရှင်ပြုအလှူ ဘုမ္မာ မြောက်ဥက္ကလာပမြို့နယ်၊ ၂၁ရက်တွင် ဆိပ်ကြီးဦးမြ ငါးစဉ်ဒုလ္လဘရဟန်းခံ၊ ရှင်ပြုပွဲ ကြည့်မြင်တိုင်မြို့နယ်၊ ၂၃ရက်တွင် ၃၆ရပ်ကွက် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်နှင့် တောင်ဥက္ကလာပမြို့နယ် မင်္ဂလာလမ်း၊ ၂၄ရက်တွင် ကျောက်ရဲစုကျေးရွာ ဝါးခယ်မမြို့နယ်နှင့် ၂၅ရက်၊ ၂၆ရက်နှင့် ၂၇ရက်တွင် တံခွန်တိုင်ကျေးရွာ ဝါးခယ်မမြို့နယ်တို့၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်သည်။ တရားပွဲပင့်လျှောက်လိုသူများသည် ဖုန်း-၀၁-၅၅၈၂၉၇နှင့်၀၉-၅၀-၃၃၅၈၁တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(က-ပ)

ရွှေတောင် ချည်မျှင်နှင့်အချောကိုင်စက်ရုံ နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပ

ရန်ကုန် မတ် ၆

ရွှေတောင် အဆင့်မြင့် ချည်မျှင်အထည်နှင့် အချောကိုင် စက်ရုံ၏ စက်ရုံ နှစ်ပတ်လည်နေ့ အခမ်းအနားကို မတ်၁ရက်က စက်ရုံနယ်မြေ ဝိဇယမင်္ဂလာဓမ္မာရုံ၌ ကျင်းပရာ ပထမပိုင်း အစီအစဉ်အရ ဓမ္မာရုံ၌ ကိန်းဝပ်စံပယ်တော်မူသော ဗုဒ္ဓရုပ်ပွားတော်မြတ်အား နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌအမှူးပြုသောဆရာတော်၊ သံဃာတော်၁၁ပါးတို့က ဗုဒ္ဓါဘိသေက အနေကဇာတင် ပရိတ်တရားတော်များရွတ်ဖတ်သရဇ္ဈာယ်ပြီး အနုမောဒနာတရားချီးမြှင့်ကာ စက်ရုံမိသားစုများက အရဏ်ဆွမ်းများ ဆက်ကပ်လှူဒါန်းသည်။ ဒုတိယပိုင်း ဂုဏ်ပြုချီးမြှင့်ပွဲနှင့်ကံထူးရှင်များအားကံစမ်းမဲ အစီအစဉ်ကို အဆိုပါဓမ္မာရုံ၌ နံနက်၈နာရီခွဲတွင် ဆက်လက်ကျင်းပရာ စက်ရုံမှူး ဦးဇော်ဝင်းမောင်က အမှာစကားပြောကြားပြီး ၂၀၀၇-၂၀၀၈ ခုနှစ်အတွင်း စက်ရုံလုပ်ငန်း ဝန်ထမ်းသက်သာ စိုက်ပျိုးမွေးမြူရေး၊ လူမှုရေး အကျိုးပြုနှင့် သင်တန်းများတွင် ထူးချွန်သော စက်ရုံဝန်ထမ်း ၂၂၀တို့အား တာဝန်ရှိသူအသီးသီးက ဂုဏ်ပြုဆုများ ချီးမြှင့်ကြသည်။ ထို့နောက် ကံထူးရှင် ဝန်ထမ်း ၁၀၈ဦးတို့ကို စက်ဘီး၊ အပ်ချုပ်စက်၊ ဒီဗွီဒီစက်များ အပါအဝင် ကံစမ်းမဲဖောက်၍ ချီးမြှင့်ပေးသည်။ စက်ရုံအနေဖြင့် ဂုဏ်ပြုချီးမြှင့် ငွေကျပ်သိန်း ၅၀နှင့် ငွေကျပ်ရှစ်သိန်းဖိုးရှိ ကံစမ်းမဲအပါအဝင် စုစုပေါင်း၅၈သိန်းကို ဝန်ထမ်းများအား ထိုက်တန်စွာ ချီးမြှင့်ပေးသည်။

ကြည့်ရှုအားပေး

ဆက်လက်၍ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြင့်လွင်က စက်ရုံနှစ်ပတ်လည်နေ့ အထိမ်းအမှတ် နိဗ္ဗာန်ဈေးဆိုင်ခန်းများကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး တက်ရောက် လာသူများက ဆိုင်ခန်းများကို လှည့်လည်ကြည့်ရှုအားပေးခဲ့သည်။

(မြို့နယ် ပြန်/ဆက်)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီးဖြစ်မြောက်ရေး ကော်မတီရုံးခန်း(ဗဟန်း၃လမ်း မှတ်တိုင်အနီး)တွင် အမှတ်၂၉၁ ဝေဇယန္တာလမ်း သဃ်္ဃန်းကျွန်းမြို့နယ်နေ ဦးထွန်းတင် အသက်(၈၀)ပြည့်မွေးနေ့အတွက်ဦးထွန်းတင်-ဒေါ်စန်းစန်း၊ သမီး နီလေးလွင်၊ သား မောင်ဇော်မင်းမိသားစုက အလှူငွေကျပ် တစ်သိန်းငါးသောင်းကို အတွင်းရေးမှူး ဦးသိန်းထိုက်ဦးထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

သော်ကပြည်လုံးချမ်းသာစေတီတော် ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပမည်

ရန်ကုန် မတ် ၆

နှစ်စဉ် ကျင်းပမြဲ ဖြစ်သော ဝါးခယ်မမြို့ သမိုင်းဝင် သော်ကပြည်လုံးချမ်းသာ စေတီတော်မြတ်ကြီး၏ (၁၀၁)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို ၁၃၆၉ခုနှစ် တပေါင်းလဆန်း ၉ရက်မှ တပေါင်းလပြည့်ကျော် ၁ရက် (မတ်၁၅ရက်မှ၂၂ရက်) အထိ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်း

သို့ဖြစ်ရာ တပေါင်းလဆန်း ၉ရက် နံနက် ၇နာရီတွင် အရံစေတီ ၂၄ဆူ ထီးတင်ပွဲမင်္ဂလာ၊ တံခွန်တိုင်ဂြိုဟ်ရှစ်ခွင် နဂါးရုံဘုရား ပူဇော်ပွဲနှင့် ဘုရားပွဲတော် ဖွင့်ပွဲ အခမ်းအနား၊ တပေါင်းလဆန်း ၁၀၊ ၁၁ရက် ညများတွင် ဝိဇ္ဇာမင်းဇာတ်ပွဲ၊ တပေါင်းလဆန်း ၁၃၊ ၁၄နှင့်၁၅ရက်ညများတွင် ရွှေမန်းသဘင် ချမ်းသာ ဇာတ်ပွဲ၊ တပေါင်းလပြည့်ကျော် ၁ရက်ညတွင် ဆီမီး ၅၀၀၀ပူဇော်ပွဲတို့ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။ အလှူငွေများပါဝင် လှူဒါန်းလိုပါက ဦးမြင့်စိုး ဖုန်း-၀၁-၃၇၅၃၄၉၊၀၉-၅၁-၅၇၇၅၉၊ ဦးယုဝမ် ဖုန်း-၀၄၂-၆၀၁၉၉နှင့် ဦးအုန်းသိန်း ဖုန်း-၀၄၂-၆၀၄၁၉တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။

(က-ပ)

မြဝတီရုပ်မြင်သံကြား

၇-၃-၂၀၀၈ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုမြနားဝင်
၇:၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၁၅ ၄။ မဟာဂီတချိုကြည်မြ
၄:၂၀ ၅။ မျိုးချစ်တပ်မတော်
၄:၃၀ ၆။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၅၀ ၇။ အမျိုးသားရေးတေးကဗျာ
၅:၀၀ ၈။ အလွမ်းတေးပန်းချီ ချစ်သူဆီ
၅:၃၅ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
၆:၂၀ ၁၂။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
၆:၄၅ ၁၃။ လျှပ်တစ်ပြက်
၇:၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရာဇဝင်တွင်တဲ့သူရဲကောင်း** (အပိုင်း-၄၄)
၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ မိုးလေဝသ သတင်း
၁၇။ အမျိုးသားရေးတေးကဗျာ
၁၈။ စေညွှန်ရာလမ်းမများ **တက္ကစီမင်းနှင့်ငြိမ်းချမ်းသော ချစ်ခြင်း၏အသံ**
၁၉။ စိုက်ပျိုးသုတ
၂၀။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပြည်ချစ်သူရဲကောင်း** (အပိုင်း-၄၀) (ဇာတ်သိမ်း)

ရန်ကုန်အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ် ဥက္ကလာပစေတီတော် မြောက်ဘက်ရင်ပြင်(သောကြာထောင့်) အာရုံခံတန်ဆောင်းတည်ဆောက်ရန်အတွက် ဥက္ကလာပစေတီတော် စနေဗုဒ္ဓဝေယျာဝစ္စအသင်းက အလှူငွေကျပ်သုံးသိန်းကို ဂေါပကအဖွဲ့ဝင်များထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ရွှေတိဂုံစေတီတော် ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပမည်

ရန်ကုန် မတ် ၆

၂၅၅၁ နှစ်မြောက် ရွှေတိဂုံစေတီတော်မြတ်ကြီး၏ တပေါင်းပွဲတော်အကြို ဒါနဥပပါရမီ စုပေါင်းသွေးလှူဒါန်းပွဲကို မတ် ၉ ရက် နံနက် ၈ နာရီတွင် ကျင်းပမည်ဖြစ်ပြီး လေးဆူဓာတ်ပုံရွှေတိဂုံစေတီတော်မြတ်ကြီး၏ နှစ်စဉ်ကျင်းပပူဇော်မြဲဖြစ်သော ဗုဒ္ဓပူဇနိယပွဲတော်ကို (၁၃၆၉ ခုနှစ်)တွင် ၂၅၅၁ နှစ်မြောက်အဖြစ် ဗုဒ္ဓပူဇာ၊ ဓမ္မပူဇာ၊ သံဃပူဇာဟု ဆိုအပ်သော ပူဇော်ခြင်းအရပ်ရပ်တို့ဖြင့်ပူဇော်ပြီး စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ရာ မတ် ၁၂ ရက် နံနက် ၉ နာရီတွင် ရွှေတိဂုံစေတီတော်ရင်ပြင်တော် ရာဟုထောင့် ချမ်းသာကြီးတန်ဆောင်း၌ ဖွင့်ပွဲအခမ်းအနားကျင်းပပြီး (တပေါင်းလပြည့်နေ့) မတ် ၂၁ ရက် နံနက် ၉ နာရီအထိ သံဃာတော်အပါး ၁၂၀ တို့က ၁၀ ရက်တိုင်တိုင် အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ် ပူဇော်ကြမည်ဖြစ်သည်။ မတ် ၂၀ ရက် ညနေ ၅ နာရီတွင် ရွှေတိဂုံစေတီတော်ရင်ပြင်တော်ပေါ်၌ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့၏ ဩဝါဒါစရိယဆရာတော်ကြီးများ အပါအဝင် သံဃာတော် ၈၁ ပါးနှင့် သီလရှင် ၂၇ ပါးတို့အား ဆွမ်းဆန်တော်လောင်းလှူပွဲ ကျင်းပမည်ဖြစ်ပြီး (တပေါင်းလပြည့်နေ့) မတ် ၂၁ ရက် နံနက် ၅ နာရီတွင် စေတီတော်မြတ်ကြီးအား ဆွမ်းတော်ကြီး စုပေါင်းဆက်ကပ်လှူဒါန်း၍ ယင်းနေ့နံနက် ၉ နာရီခွဲတွင် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချအနုမောဒနာအခမ်းအနား ကျင်းပမည်ဖြစ်သည်။

(က-ပ)

မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးစေတီတော်မြတ်ကြီး၏ ထီးတော်သစ်ကြီး တင်လှူ ပူဇော်နိုင်ရန် အမှတ်(၂၄၁)ညောင်ပင်လမ်း (၉)ရပ်ကွက်ကမ္ဘာအေးနေ ဒေါ်သိန်းသိန်း မိသားစုက အလှူငွေကျပ် တစ်သိန်းလှူဒါန်းရာ ဂေါပကအဖွဲ့မှ လက်ခံယူပြီး ဂုဏ်ပြုလွှာပြန်လည်ပေးအပ်စဉ်။ (က-ပ)

မြန်မာနိုင်ငံပြန်တမ်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အလုပ်သမားဝန်ကြီးဌာန၊ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်စံတင်အား အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

လွှဲပြောင်းပေးအပ်

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် သန္ဓေပင်ကျေးရွာအုပ်စု ပိန္နဲကုန်းကျေးရွာ အခြေခံပညာ မူလတန်းကျောင်း ၂၀၀၆-၂၀၀၇ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲနှင့် ကျောင်းဆောင်သစ်အား ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို မတ် ၄ ရက်က ကျင်းပရာ ကျောင်းဆောင်သစ်အား ဗိုလ်မှူးဇော်ငြိမ်းချမ်း (ငြိမ်း)မှ မြို့နယ် ပညာရေးမှူးထံ လွှဲပြောင်းပေးအပ်စဉ်။

(က-ပ)

ပခုက္ကူအသင်း(ရန်ကုန်) ရွှေရတုပွဲ ဆင်နွှဲမည်

ရန်ကုန် မတ် ၆

ယခုက္ကူအသင်း (ရန်ကုန်) ကို ၁၉၆၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်က စတင် တည်ထောင်ခဲ့ရာ ၂၀၁၀ ပြည့်နှစ်တွင် နှစ် (၅၀)ပြည့်မြောက်တော့မည်ဖြစ်သဖြင့် ရွှေရတုအခမ်းအနား ကျင်းပရန်အတွက် ဖြစ်မြောက်ရေးလုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီအသီးသီးဖွဲ့စည်း၍ စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရွှေရတု အထိမ်းအမှတ်အဖြစ် ဘာသာရေး၊ လူမှုရေးအသင်းများသို့ အလှူငွေထည့်ဝင်လှူဒါန်းရန်နှင့် မဂ္ဂဇင်းထုတ်ဝေနိုင်ရေးအတွက် အသင်းဝင်များက ပါဝင်လှူဒါန်းကြရန်နှင့် မဂ္ဂဇင်းတွင် ဖော်ပြနိုင်ရန် အသင်းနှင့်ပတ်သက်သည့် မှတ်တမ်းဝင်ဓာတ်ပုံများ၊စာရွက်စာတမ်းများနှင့် ပခုက္ကူဒေသတွင် နှစ်(၅၀)အတွင်း ဘာသာရေး၊ လူမှုရေး၊ စီးပွားရေး၊ ဒေသဖွံ့ဖြိုးမှုအခြေအနေများနှင့် ပတ်သက်သည့် ကဗျာ၊ ဆောင်းပါးများနှင့် ဝတ္ထုများကို အသင်းဥက္ကဋ္ဌ ဦးတင်မောင်ဝင်း ဖုန်း- ၆၆၄၄၈၅၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာလဝင်းမောင် ဖုန်း-၅၇၂၃၁၅၊ အတွင်းရေးမှူး ဦးကြည်ဝင်း ဖုန်း- ၇၂၀၂၀၂ တို့သို့ ဆက်သွယ်ပေးပို့ကြရန် နှိုးဆော်ထားကြောင်း သိရသည်။

(က-ပ)

သာသနာနုဂ္ဂဟဘွဲ့တံဆိပ်တော် လက်ခံရယူမည့် လူပုဂ္ဂိုလ်များ ဖိတ်စာများ ထုတ်ယူနိုင်

ရန်ကုန် မတ် ၆

၁၃၆၉ခုနှစ် တပေါင်းလပြည့် မတ် ၂၁ ရက်(သောကြာနေ့)တွင် **ကျင်းပမည့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆပ်ကပ်လှူဒါန်းပွဲ အခမ်းအနား၌ သာသနာနုဂ္ဂဟဘွဲ့တံဆိပ်တော်များကို လက်ခံရယူကြမည့် လူပုဂ္ဂိုလ်များသည် ဖိတ်စာများကို သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာန ဦးစီးရေးရာဌာနခွဲ လက်ထောက်ညွှန်ကြားရေးမှူး ဦးထိန်လင်း ဖုန်း-၀၁-၆၆၅၃၈၁ ထံတွင် မတ် ၁၂ ရက်မှ ၁၇ ရက်အတွင်း လူကိုယ်တိုင်ဖြစ်စေ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားဖြင့်ဖြစ်စေ လာရောက်ထုတ်ယူနိုင်ကြောင်း သတင်းရရှိသည်။**

(သတင်းစဉ်)

ညောင်ရိပ်သာတရားစခန်းနှင့် စုပေါင်းဒုလ္လဘဝတ်ပွဲ

ရန်ကုန် မတ် ၆

သာကေတမြို့နယ် (၁၀)တောင်ရပ်ကွက် ၁၀၈ တောင်ဘုရားအနီး ညောင်ရိပ်သာ တရားစခန်းတွင် လယ်တီဆရာတော်ကြီး၏ ကယာနုပဿနာနှင့် ဓာတုမနသိကာရ နည်းအရ ပဓာနနာယက အရှင်ကေသရာဘိဝံသဆရာတော်က သင်္ကြန်အကြို မတ် ၂၁ ရက်မှ ၂၇ ရက်အထိ တစ်ကြိမ်၊ သင်္ကြန်တွင်း ဧပြီ ၁၀ ရက်မှ ၁၆ ရက်အထိတစ်ကြိမ် ခုနစ်ရက်အဓိဋ္ဌာန် တရားစခန်းနှင့် စုပေါင်း ဒုလ္လဘရဟန်းခံရှင်ပြု သာသနာ့နွယ်ဝင် သီလရှင်ဝတ်ပွဲကျင်းပမည်ဖြစ်ရာ တရားစခန်းဝင်လိုသူများနှင့် ဒုလ္လဘဝင်ရောက်လိုသူများ ဖုန်း-၅၄၇၀၂၅သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

မြန်မာ့ရုပ်မြင်သံကြား

၇-၃-၂၀၀၈ ရက်
(သောကြာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီးဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇း၅၅	၅။	လှုပ်ရှားပုံပြင်စိတ်ပျော်ရွှင်
၈း၀၅	၆။	အရေးပြိုင်ပွဲ
၈း၁၀	၇။	ကြေးမုံရိပ်သွင်တေးနှယဉ်
၈း၂၀	၈။	(၆၃)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၈း၃၀	၉။	International News
၈း၄၅	၁၀။	English for Everyday Use
၉း၀၀	၁၁။	အစီအစဉ်ပြီး၏။

ညပိုင်း

၁၆း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀	၃။	Parctice in Reading
၁၆း၄၀	၄။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ်(ဓာတုဗေဒအထူးပြု) [ဓာတုဗေဒ]
၁၆း၅၅	၅။	တပ်မတော်နေ့ဂုဏ်ပြု တေးသီချင်းပြိုင်ပွဲ ဆုရတေးများ (၂၀၀၃ ခုနှစ်)
၁၇း၀၅	၆။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၁၇း၂၀	၇။	မြန်မာစာ၊ မြန်မာစကား
၁၇း၃၅	၈။	နှောင်းခေတ်တေးပဒေသာ
၁၇း၅၀	၉။	(၆၃)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၁၈း၀၀	၁၀။	ညနေခင်းသတင်း
၁၈း၃၀	၁၁။	မိုးလေဝသအခြေအနေ
၁၈း၃၅	၁၂။	သုတစုံလင်ရွှေဉာဏ်ရှင်
၁၉း၁၀	၁၃။	နိုင်ငံခြားဇာတ်လမ်းတွဲ **လေဒီယာနှင့်ဆုံစည်းခြင်း** (အပိုင်း-၁၄)
၂၀း၀၀	၁၄။	ပြည်တွင်းသတင်း
	၁၅။	နိုင်ငံတကာသတင်းများ
	၁၆။	မိုးလေဝသအခြေအနေ
	၁၇။	နိုင်ငံခြားဇာတ်လမ်းတွဲ **ဘဝဆက်တိုင်း** (အပိုင်း-၇)
	၁၈။	နောက်တစ်နေ့အစီအစဉ်
	၁၉။	အစီအစဉ်ပြီး၏။

ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၆

ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွှန့်သည် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသော ဦးအောင်မြင့်၊ ဦးဝင်းအောင်၊ ဦးစိုးဦး၊ ဦးညီထွန်းနှင့် ဦးကျော်အောင်တို့လိုက်ပါလျက် မတ် ၅ရက် နံနက်ပိုင်းတွင် စစ်ကိုင်းမြို့နယ် ရွာသစ်ကြီး ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်သို့ရောက်ရှိပြီး ပင်လုံခန်းမရှိ တက္ကသိုလ် နှစ်(၄၀)ပြည့် အထိမ်းအမှတ်ပြခန်း၊ တက္ကသိုလ်ပျိုးဥယျာဉ်၊ တက္ကသိုလ်စာကြည့်တိုက်နှင့် ပြတိုက်တို့ကို ကြည့်ရှုစစ်ဆေးရာ ပါမောက္ခချုပ် ဦးဇော်မင်းသိန်းနှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြပြီး ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွှန့်က လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန်လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၈ ခုနှစ် မတ်လအတွက်
၉-၃-၂၀၀၈ ရက်နေ့
နှင့်
၂၃-၃-၂၀၀၈ ရက်နေ့

မတ် ၆ ရက်က ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၅၁) ကျောင်းဆင်းအရာရှိများ၏ (၃၂)နှစ်မြောက် အထိမ်းအမှတ်အလှူ ဆေးပဒေသာပင် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

The Live News ဂျာနယ် အမှတ် (၇၄)ထုတ်ဝေဖြန့်ချိ

ရန်ကုန် မတ် ၆

နိုင်ငံတကာသတင်းများနှင့် ပြည်တွင်းသတင်းများကို အမှန်ဆုံးနှင့် အမြန်ဆုံး ဖော်ပြထုတ်ဝေလျက်ရှိသည့် The Live News ဂျာနယ် အမှတ်(၇၄)ကို ယနေ့ ထုတ်ဝေဖြန့်ချိလိုက်သည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ ကြီးမှူး၍ ယာဉ်စည်းကမ်းထိန်းသိမ်းရေး အထူးအစည်းအဝေးကျင်းပ၊ ကွန်ဒိုအိမ်ရာများတွင် ဝယ်ယူနေထိုင်လျှင် ကြေညာသည့် အကြောင်းအရာများနှင့် ညီညွတ်မှုရှိ၊မရှိ သေချာစုံစမ်းပြီးမှ ဝယ်ယူနေထိုင်သင့်၊ မန္တလေးရတနာပုံဈေး မီးလောင်မှုတွင် မြန်မာ့အာမခံမှ လျော်ကြေးငွေ နှစ်ခုလောက်သာပေးရဖွယ်ရှိ၊ ရင်ခုန်ရမယ့်သူမရှိသေးဘူးဆိုတဲ့ နေတိုးအမေရိကန်သူလျှိုကြိုးပြတ်တုပစ်ချမှု၊ အာကာသစစ်ပွဲအတွက် စမ်းသပ်မှုလော၊ အီရန်၏ နျူကလီးယား အစီအစဉ်အပေါ် အာရှ၊ ဥရောပနှင့် နိုင်ငံတကာလေ့လာသူများ၏ သဘောထားအမြင်၊ စီးပွားရေးပညာရှင်ကစ်ဒလင်းပြောပြသွားတဲ့ ယနေ့ အမေရိကန် စီးပွားရေး၊ အမေရိကန်ဈေးကွက်ကို ထိုးဖောက်ဖို့ ကြိုးစားနေတဲ့ တရုတ်နည်းပညာကုမ္ပဏီ Huawei ရဲ့ နည်းဗျူဟာ၊ ဗီဇ-ကပ်စထရို၊ အကြိမ်(၈၀) အော်စကာ၊ သမိုင်းဝင်ပြည်လမ်းရဲ့ အမွှာဖြစ်တဲ့ အင်းစိန်လမ်းသစ်၊ တောင်ကြီးမြို့မှ စာပေလောကသားများသို့၊ တက္ကစီမင်းနှင့် စိတ္တဇမိန်းကလေး၊ ကိုရီးယားရုပ်ရှင်ကြိုတင်ဇာတ်လမ်းများ စသည့်သတင်း၊ ဆောင်းပါး၊ အားကစား၊ အနုပညာ ကဏ္ဍများကို မြင်းမူမောင်နိုင်မိုး၊ နီမင်းဆွေ၊ ကိုကိုလှိုင်၊ မောင်မြတ်မွန် (ဆူးလေ)၊ သက္က (ခေတ္တရာ)၊ အာရှမိုး၊ မောင်နေလင်း၊ ဆြာစန်း၊ ရဲဇော်(ဇီးကုန်း)နှင့်အမြို့မြို့ အနယ်နယ်မှ စာရေးဆရာ၊ သတင်းစာဆရာများက ဝေဝေဆာဆာ တင်ဆက်ထားသည်။

ရွှေပြည်စိုးစာပေတိုက်မှ အပတ်စဉ်ထုတ်ဝေဖြန့်ချိလျက်ရှိသည့် The Live News ဂျာနယ်နှင့် လစဉ်ထုတ် နွယ်သာကီမဂ္ဂဇင်းသို့ စာမူပေးပို့လိုသူများ၊ ဖြန့်ချိရေးကိစ္စဆောင်ရွက်လိုသူများသည် အမှတ်(၃၁၀) ဝါးတန်းလမ်း မြေညီထပ် အခန်း(၀၀၄) လမ်းမတော်မြို့နယ် ဖုန်း-၂၂၉၈၈၂၊ ၂၂၉၈၈၅ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

အမေရိကန်စစ်ဌာနချုပ် နှစ်ပတ်လည်အစီရင်ခံစာ တရုတ်ပြည်တွင်းရေး ဝင်ရောက်စွက်ဖက်ခြင်းဖြစ်

ပေကျင်း မတ် ၆

တရုတ်စစ်အင်အားနှင့် ပက်သက်၍ အမေရိကန်ကွန်ဂရက်သို့ တင်သွင်းသည့်အမေရိကန်စစ်ဌာနချုပ် နှစ်ပတ်လည် အစီရင်ခံစာမှာ အမှန်တရားကို မျက်ကွယ်ပြု ချဲ့ကားထားခြင်းဖြစ်ကြောင်း တရုတ်နိုင်ငံက မတ်၄ရက်တွင် ကြေညာကာ ပြစ်တင်ရှုတ်ချလိုက်သည်။

အမေရိကန်စစ်ဌာနချုပ်၏အစီရင်ခံစာသည် တရုတ်ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ပြီး စစ်အေးတိုက်ပွဲကာလက အတွေးအခေါ်များ ဖုံးလွှမ်းနေဆဲဖြစ်သည်ကို ပြသလိုက်ခြင်းလည်းဖြစ်သည်ဟု တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ကင်က ပြောကြားသည်။

အမေရိကန်နိုင်ငံအနေဖြင့် စစ်အေးတိုက်ပွဲကာလအတွေးအခေါ်များကို စွန့်လွှတ်ပြီး တရုတ်နိုင်ငံနှင့်တကွ တရုတ်နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုအပေါ် မှန်မှန်ကန်ကန် အသိအမှတ်ပြုရန် မိမိတို့တောင်းဆိုကြောင်း၊ အမေရိကန်စစ်ဌာနချုပ် အစီရင်ခံစာနှင့်ပတ်သက်၍ စိတ်အနှောင့်အယှက်ဖြစ်ရကြောင်း မစ္စတာကင်က ပြောကြားသည်။

အမ်အင်န်အေ၊ရိုက်တာ

အီဂျစ်နိုင်ငံ ကိုင်ရိုမြို့မြောက်ဘက် မြေထဲပင်လယ်ကမ်းခြေတွင် ဝမ်းဗိုက်ဒဏ်ရာကြောင့် သေဆုံးသည်ဟု ယူဆရသော အလျား၅၆ပေရှိပြီး အလေးချိန် ခြောက်တန်ရှိသည့် ဝေလငါးဖြူကြီးတစ်ကောင်အား မတ်၄ရက်က ဤသို့တွေ့ရသည်။

(အင်တာနက်ဓာတ်ပုံ)

အီရတ်၌ရဟတ်ယာဉ်ပျက်ကျ ရှစ်ဦးသေဆုံး

ဘဂ္ဂဒက် မတ် ၆

အီရတ် စစ်ဘက်ရဟတ်ယာဉ် တစ်စင်းပျက်ကျခဲ့ရာတွင် စီးနင်းလိုက်ပါသူ ရှစ်ဦးစလုံး သေဆုံးခဲ့ကြောင်း၊ ယင်းမှာ အဆိုးရွားဆုံး လေယာဉ်ပျက်ကျမှု ဖြစ်ကြောင်း အမေရိကန်စစ်ဘက်က မတ် ၄ ရက်၌ သတင်းထုတ်ပြန်ခဲ့သည်။

ကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ပြီးစီးပြီဖြစ်ပြီး အသက်ရှင် ကျန်ရစ်သူ တစ်ဦးမျှ မရှိကြောင်း အမေရိကန် စစ်ဘက် သတင်းတစ်ရပ်တွင် ဖော်ပြသည်။

အဆိုပါ ပျက်ကျသည့် ရုရှားလုပ်အမ်အိုင်-၁၇ရဟတ်ယာဉ်ပေါ်တွင် အမေရိကန်အမှုထမ်းတစ်ဦးလည်း ပါဝင်ကြောင်း၊ အီရတ်မြောက်ပိုင်း ဘိုင်ဂျီမြို့အနီး၌ မတ် ၄ရက်တွင် ဖြစ်ပွားခဲ့သည့် အဆိုပါ ရဟတ်ယာဉ် ပျက်ကျမှုကို စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ခဲ့ကြောင်း ယင်းသတင်းက ဆိုသည်။

ယင်းရဟတ်ယာဉ်သည် သဲမုန်တိုင်းကြောင့် လမ်းပျောက်ခဲ့ရပြီး ပျက်ကျရခြင်းဖြစ်နိုင်ကြောင်းအီရတ်ကာကွယ်ရေးဝန်ကြီးဌာနက ဖော်ပြသည်။

အမ်အင်န်အေ၊ရိုက်တာ

ကင်မရွန်းနိုင်ငံတွင် လွန်ခဲ့သော ရက်သတ္တပတ်က လူ၁၀၀ ကျော် သေဆုံးခဲ့သော ရဲတပ်ဖွဲ့နှင့် ဆန္ဒပြသူများအကြား ပဋိပက္ခများ ဖြစ်ပွားစဉ် မိဘမဲ့ခဲ့ရသည့် ကင်မရွန်းလူငယ်ကလေးများကို မတ်၄ရက်က ဤသို့တွေ့ရသည်။

(အင်တာနက်ဓာတ်ပုံ)

ဗင်နီဇွဲလား တပ်ဖွဲ့ဝင်အများအပြား ကိုလံဘီယာနယ်စပ်သို့ ထွက်ခွာနေ

ကရာကတ် မတ် ၆

ထောင်ပေါင်း များစွာသော ဗင်နီဇွဲလား တပ်ဖွဲ့ဝင်များသည် မတ် ၅ရက်က ကိုလံဘီယာ နယ်စပ်သို့ တင့်ကားများ ခြံရံလိုက်ပါလျက် ထွက်ခွာသွားကြောင်း ဗင်နီဇွဲလား ကာကွယ်ရေးဝန်ကြီးက ပြောကြားသည်။

(အမိန့်ထုတ်ပြန်)

ကိုလံဘီယာတပ်များက အီကွေဒေါနယ်စပ်၌ဖတ်စ်သူပုန်ခေါင်းဆောင်အား သတ်ဖြတ်လိုက် ပြီးနောက် မတ် ၂ရက်တွင် သမ္မတ ဟူဂိုချာဗက်ဇ်က နယ်စပ်သို့ တပ်ရင်း ၁၀ရင်း စေလွှတ်ရန် အမိန့်ထုတ်ပြန်လိုက်သည်။

(ပြောကြား)

ဗင်နီဇွဲလားတပ်ဖွဲ့ဝင် ၉၀ရာခိုင်နှုန်းနီးပါး ကိုလံဘီယာနယ်စပ်သို့ ထွက်ခွာသွားပြီဖြစ်ကြောင်း ဗင်နီဇွဲလား ဗိုလ်ချုပ်ကြီးဆပ်ဂွန်ဇာလက်က ပြောကြားသည်။

(စေလွှတ်ခဲ့)

ကိုလံဘီယာတပ်များက မတ် ၁ရက်တွင် အီကွေဒေါနိုင်ငံ အတွင်း နယ်စပ်ဖြတ်ကျော် တိုက်ခိုက်ခဲ့ပြီးနောက် အီကွေဒေါတပ်များ ကိုလံဘီယာနယ်စပ်သို့ စေလွှတ်ခဲ့သည်ဟု ဆိုသည်။

(ကာကွယ်ရန်)

ဗင်နီဇွဲလားလက်နက်ကိုင် တပ်ဖွဲ့သည် နိုင်ငံ၏အချုပ်အခြာအာဏာနှင့် နိုင်ငံကို ထိပါးလာလျှင်ကာကွယ်ရန် အသင့်ရှိကြောင်း ဗင်နီဇွဲလားကာကွယ်ရေးဝန်ကြီး ဂူခတာဗိုရန်ဂျယ်က ပြောကြားသည်။

(ဖြတ်တောက်)

ဗင်နီဇွဲလားနှင့် အီကွေဒေါ နိုင်ငံတို့က ကိုလံဘီယာနိုင်ငံအား သံတမန်အဆက်အသွယ် ဖြတ်တောက်ထားသည်။ **(အင်တာနက်)**

ဗင်နီဇွဲလားတပ်ဖွဲ့ဝင်များ

ကိုလံဘီယာနယ်စပ်သို့ ထွက်ခွာနေကြသော ဗင်နီဇွဲလား တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ဘဝအမောပြေ

ထင်ထင်ရှားရှား မြင်ရတယ်

မျက်စိဆရာဝန်ထံ လူနာတစ်ဦး ရောက်ရှိလာလေသည်။

ဆရာဝန် ။ ။ ဘယ်လိုဖြစ်နေပါသလဲ…

လူနာ ။ ။ မျက်လုံးတွေ ကြည့်လို့မကောင်းဘူး။ အစက်အပြောက်တွေပဲ မြင်ရတယ်။

ဆရာဝန် ။ ။ ကျွန်တော်စမ်းသပ်စစ်ဆေးပေးပါ့မယ်။

လူနာ ။ ။ ဟုတ်ကဲ့ပါ။

ဆရာဝန် ။ ။ ခင်ဗျားမျက်လုံးက မျက်မှန်တပ်လိုက်ရင်ကောင်းသွားမှာပါ။

မျက်မှန်ပြုလုပ်ပြီးနောက်…

ဆရာဝန် ။ ။ အခြေအနေဘယ်လိုလဲ။

လူနာ ။ ။ အစက်အပြောက်တွေ ထင်ထင်ရှားရှားမြင်ရပါပြီ။

ဆရာဝန် ။ ။ "ဗျာ"

ကင်ညာ၌ ဖြစ်ပွားခဲ့သော အကြမ်းဖက်မှုများ အစိုးရနှင့်ဆက်နွယ်မှုများရှိနေဟုဆို

နိုင်ရိုဘီ မတ် ၆

ကင်ညာရွေးကောက်ပွဲအပြီး ဖြစ်ပွားခဲ့သော အကြမ်းဖက်မှုများသည် အစိုးရနှင့် ဆက်နွယ်မှုရှိနေကြောင်း ကင်ညာနိုင်ငံရေးသတင်းရပ်ကွက်များက ဝေဖန်ပြောကြားလျက်ရှိကြောင်း မတ်၅ရက်တွင် အင်တာနက်သတင်း၌ ဖော်ပြသည်။

ပိတ်ပင်ထားသော မွန်ဂျီကီတပ်များနှင့် အစိုးရထိပ်တန်း တာဝန်ရှိသူများအကြား သမ္မတအိမ်တော်၌ အစည်းအဝေးများပြုလုပ်ခဲ့ခြင်းကို အကြောင်းပြု၍ နိုင်ငံရေးအသိုင်းအဝိုင်းက အထက်ပါအတိုင်း စွပ်စွဲခဲ့ခြင်း ဖြစ်သည်။

စွပ်စွဲ

အဆိုပါ မွန်ဂျီကီတပ်များအား ရစ်ဖ်ဗလီရှိ သမ္မတ၏ တီကုယုအသိုင်းအဝိုင်းကို ကာကွယ်ပေးရန် တပ်အဖြစ် ငှားရမ်းခဲ့သည်ဟု စွပ်စွဲထားသည်။

အစိုးရ အနေဖြင့် ယင်းစွပ်စွဲချက်များကို တုံ့ပြန်နိုင်ခြင်း မရှိပေ။ ယင်းကိစ္စအတွက် စုံစမ်းရေးကော်မရှင်က ဆက်လက်စုံစမ်းသွားမည်ဟု ဆိုသည်။

သဘောထား

အတိုက်အခံနှင့် အစိုးရအကြား နိုင်ငံရေးသဘောထား ကွဲလွဲမှုကြောင့် အကြမ်းဖက်မှုများ ကြီးထွားလာခဲ့သည်။

ထိုသို့ အကြမ်းဖက်မှုများ ကြီးထွားလာ၍ ကင်ညာနိုင်ငံတစ်ဝန်း အကြမ်းဖက်မှုများ ဆိုးရွားစွာဖြစ်ပေါ်ခဲ့ပြီး လူပေါင်း ၁၅၀၀ခန့် သေဆုံးခဲ့ရသည်။ **(အင်တာနက်)**

အကြမ်းဖက်

ကင်ညာနိုင်ငံ၌ရွေးကောက်ပွဲအပြီးတွင် ဖြစ်ပွားခဲ့သော ဆူပူအကြမ်းဖက်မှုများ၌ ပါဝင်ခဲ့သူအချို့ကို တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

နိုင်ငံတကာသတင်း စုစည်း ဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုးနှင့် ချစ်စိုးနိုင်

ထူးခြားဖြစ်စဉ် ကမ္ဘာတစ်ခွင်

■ **ထိုင်းနိုင်ငံဗန်ကောက်မြို့၌ မတ်၅ရက်က ထမင်းချက်ရာမှ မီးလောင်မှု ဖြစ်ပွားရာ နေအိမ်၁၅လုံး မီးလောင်ကျွမ်းမှုခံခဲ့ရသည်။**(အပေါ်ပုံ)

➢ အီကွေဒေါနိုင်ငံတွင် မတ် ၅ ရက်က မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် ဆန်မီဂွယ်မြစ်ရေလျှံမှု ဖြစ်ပွားခဲ့ရာ မြစ်အနီးနေအိမ် အများအပြား ရေနစ်မြုပ်ခဲ့ပြီး ဒေသခံသုံးဦး သေဆုံးခဲ့သည်။

■ **တရုတ်နိုင်ငံ ဟူနန်ပြည်နယ်အလယ်ပိုင်းတွင် မတ် ၅ ရက်က သစ်တောမီးမှတစ်ဆင့် ကျေးရွာတစ်ရွာ မီးကူးစက်လောင်ကျွမ်းခံရကာ ကျေးရွာသားခြောက်ဦး သေဆုံးခဲ့ပြီး နေအိမ်အများအပြား မီးလောင်ခံခဲ့ရသည်။**

➢ အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့ အရှေ့တောင်ပိုင်း မီကာမြို့၌ မတ် ၅ရက်က ကုန်တင်ရထားတစ်စင်းပေါ်မှ အဆိပ်ဓာတ်ငွေ့များ ယိုစိမ့်ထွက်ခဲ့ရာ လူ၆၀ခန့် ဆေးရုံသို့တင်ပို့ပြီး ဆေးကုသမှုခံယူခဲ့ရသည်။

■ **ဗီယက်နမ်နိုင်ငံတောင်ပိုင်း ဘင်တရီပြည်နယ်ရှိ မိကျောင်း မွေးမြူရေးကန်တစ်ကန်အတွင်းမှ မိကျောင်း ၁၄ကောင် လွတ်သွားသဖြင့် လိုက်လံရှာဖွေခဲ့ရာ ၁၁ ကောင်ပြန်မိပြီး သုံးကောင်လွတ်မြောက်နေဆဲဖြစ်သည်။**

➢ ဂျပန်နိုင်ငံ ကိုဘေးမြို့ အနောက်ဘက်ကမ်းလွန်၌ မတ်၅ရက်က ကုန်တင်သင်္ဘောတစ်စင်း၊လောင်စာဆီတင်သင်္ဘောတစ်စင်းနှင့်နောက်ထပ်ကုန်တင်သင်္ဘောတစ်စင်းတို့ တိုက်ကြရာ သင်္ဘောသား တစ်ဦးသေဆုံးခဲ့သည်။

■ **တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်းတွင် မတ် ၅ ရက်က ကျောက်မီးသွေးမိုင်းတွင်းတစ်တွင်း ဓာတ်ငွေ့ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ မိုင်းလုပ်သား ၁၇ ဦး သေဆုံးခဲ့သည်။**

➢ ယူဂန္ဓာဒါနိုင်ငံ ကမ်ပါလာမြို့ အရှေ့မြောက်ဘက် မိုင်၈၀ခန့်အကွာ ကျေးရွာတစ်ရွာအနီး တောစပ်၌ တောရိုင်းဆင် လေးကောင်သေဆုံးနေရာ မည်သည့်အတွက်ကြောင့် သေဆုံးသည်ကို အာဏာပိုင်များက စုံစမ်းလျက်ရှိသည်။

ပြည်ပသတင်း နောက်ဆုံးဖြစ်ရပ်များ

၆-၃-၂၀၀၈

ထိုင်းတောင်ပိုင်း၌ ဗုံးပေါက်ကွဲ

ထိုင်းနိုင်ငံတောင်ပိုင်း ပတ္တာနီပြည်နယ်၌ မတ်၆ရက်က ဗုံးပေါက်ကွဲမှုဖြစ်ပွားကြောင်း ထိုင်းရဲတပ်ဖွဲ့က ပြောကြားသည်။

ဗုံးပေါက်ကွဲမှုမှာ ပတ္တာနီပြည်နယ် ပါနာရီခရိုင်အတွင်း ဈေးတစ်ဈေး၌ ပေါက်ကွဲခဲ့ခြင်းဖြစ်ပြီး ရဲတပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး သုံးဦးဒဏ်ရာရရှိခဲ့သည်။

ယူအေအီးလေကြောင်း အိန္ဒိယသို့ စတင်ပျံသန်းမည်

အာရပ်စော်ဘွားများနိုင်ငံ(ယူအေအီး)မှ အဲအာရေဘီးယား လေကြောင်းလိုင်း၏ စရိတ်နည်း လေကြောင်းခရီးစဉ်များကို စတင်ပျံသန်းမည်ဖြစ်သည်။

အဆိုပါ ခရီးစဉ်များမှာ အိန္ဒိယနိုင်ငံ နယူးဒေလီမြို့နှင့် ရာဂျကုတ်မြို့များသို့ မတ်၃၁ရက်မှ စတင်ပျံသန်းမည်ဖြစ်ကြောင်း ယူအေအီးလေကြောင်း အရာရှိများက ပြောကြားသည်။

ကမ္ဘောဒီးယား၌ အပန်းဖြေစခန်းများ တိုးချဲ့ဖွင့်မည်

ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေးအတွက် ကမ္ဘောဒီးယားနိုင်ငံ၌ အပန်းဖြေစခန်းများ တိုးချဲ့ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ကမ္ဘောဒီးယား အရာရှိများက ပြောကြားသည်။

ကမ္ဘောဒီးယားနိုင်ငံမြောက်ပိုင်း ကမ်းရိုးတန်းဒေသတစ်လျှောက်တွင် ကမ္ဘာလှည့်ခရီးသည်များအတွက် ခေတ်မီအပန်းဖြေစခန်းများ တည်ဆောက်သွားမည်ဖြစ်သည်။

ကြက်ငှက်တုပ်ကွေးကြောင့် အီဂျစ်၌ တစ်ဦးသေဆုံး

အီဂျစ်နိုင်ငံ၌ ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားမှုကြောင့် အမျိုးသမီးတစ်ဦး သေဆုံးသွားကြောင်း အီဂျစ် ကျန်းမာရေးအရာရှိများက ပြောကြားသည်။

အဆိုပါ အမျိုးသမီးမှာ ကိုင်ရိုမြို့တောင်ဘက် ဖေယန်မြို့မှဖြစ်ပြီး အီဂျစ်၌ ကြက်ငှက်တုပ်ကွေးရောဂါ လူသို့ကူးစက်ခံရသည့် ၄၅ဦးမြောက်လည်း ဖြစ်သည်။

ဂါဇာကမ်းမြောင်ဒေသအား ဆက်လက်ပစ်ခတ်ရန် အစ္စရေးအစိုးအဖွဲ့ ဆုံးဖြတ်

အစ္စရေးတို့အနေဖြင့် ဂါဇာကမ်းမြောင်ဒေသအား စစ်ရေးအရ အရေးယူမှုများပြုလုပ်ပြီး ဆက်လက် ပစ်ခတ်သွားမည်ဟု အစ္စရေးအစိုးရက ဆုံးဖြတ်လိုက်သည်။

ပါလက်စတိုင်း လက်နက်ကိုင်များက အစ္စရေးနိုင်ငံအား ဒုံးကျည်ဖြင့် ဆက်လက်တိုက်ခိုက်နေမှုကြောင့် မိမိတို့အနေဖြင့်စစ်ရေးအရတုံ့ပြန်ဆောင်ရွက်ရန်ဆုံးဖြတ်လိုက်ခြင်းဖြစ်သည်ဟု အစ္စရေးအရာရှိများက ပြောကြားသည်။

အိုအိုင်စီညီလာခံသို့ မူရှာရက်ဖ် တက်ရောက်မည်မဟုတ်

ဆီနီဂေါနိုင်ငံ၌ မကြာမီကျင်းပတော့မည့် အစ္စလမ္မစ်ညီလာခံ (အိုအိုင်စီ) သို့ ပါကစ္စတန်သမ္မတ ပါဗက်ဇ်မူရှာရက်ဖ် တက်ရောက်မည် မဟုတ်ကြောင်း ပါကစ္စတန်အရာရှိများက ပြောကြားသည်။

ဆီနီဂေါနိုင်ငံမြို့တော် ဒါကာ၌ မတ်၁၃ရက်မှ ၁၄ရက်အထိ(အိုအိုင်စီ) ညီလာခံ ကျင်းပမည်ဖြစ်ရာ ပြည်တွင်းနိုင်ငံရေး အခြေအနေအရ မိမိတက်ရောက်မည်မဟုတ်ကြောင်း ပါကစ္စတန်သမ္မတ ပါဗက်ဇ်မူရှာရက်ဖ်က ပြောကြားသည်။

အာမေးနီးယားနှင့် အဇာဘိုင်ဂျန်တပ်ဖွဲ့ များ အပြန်အလှန်ပစ်ခတ်မှု ဖြစ်ပွား

အာမေးနီးယားနှင့် အဇာဘိုင်ဂျန်တပ်ဖွဲ့များ အပြန်အလှန်ပစ်ခတ်မှုဖြစ်ပွားခဲ့ကြောင်း အဇာဘိုင်ဂျန်စစ်ဘက်အရာရှိများက ပြောကြားသည်။

အခင်းဖြစ်ပွားမှုမှာ နှစ်နိုင်ငံနယ်စပ်၌ဖြစ်ပြီး မတော်တဆဖြစ်ရပ်မှတစ်ဆင့် အပြန်အလှန်ပစ်ခတ်မှုဖြစ်ပွားရာ အာမေးနီးယားတပ်ဖွဲ့ဝင် သုံးဦး သေဆုံးခဲ့သည်။

သတင်းမှပေးသောအသိနှင့် သတိပြုဖွယ်

အန္တရာယ်ရှိသော သတ္တဝါများအနီး ကလေးများထားခဲ့သော်

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့ မြောက်ဘက် မိုင် ၈၀ခန့်အကွာ ကျေးရွာတစ်ရွာ၌ မတ်၃ရက်က ခြောက်နှစ်အရွယ် ကလေးငယ်တစ်ဦး မြွေကိုက်ခံရ၍ သေဆုံးခဲ့ရကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အခင်းဖြစ်ပွားမှုမှာ ဖခင်ဖြစ်သူက ပြန်ရောင်းရန်အတွက် တောတွင်းမှ ဖမ်းဆီးလာသော မြွေဆိုးအချို့ကိုထည့်ထားသည့် ပခြုပ်အား ကလေးငယ်က ဖွင့်ကြည့်ခဲ့ရာမှ မြွေကိုက်ခံခဲ့ရပြီး သေဆုံးခဲ့ရခြင်းဖြစ်သည်။

ဤဖြစ်ရပ်သည် အသက်အန္တရာယ်ပေးနိုင်သော သတ္တဝါများနှင့် တိရစ္ဆာန်များအား ကလေးများအနီး မထားမိစေရန် အထူးသတိပြုဖို့လိုကြောင်း သင်ခန်းစာပေးလျက်ရှိသည်။ **မောင်မောင်မြင့်ဆွေ**

ဘ၀ဒဿန အမြင်

✳ *It was not time to shut the stable when the horse be lost and gone.*

မိုးလွန်မှ ထွန်ချ။

ဝီလျံကက်စ်တန် အင်္ဂလိပ်လူမျိုး
ပုံနှိပ်ထုတ်ဝေရေးသမား

✳ *Say not always what you know, always know what you say.*

မိမိသိသည်များကို အမြဲထုတ်ဖော် မပြောသင့်သော်လည်း မိမိပြောသည့် အကြောင်းအရာများနှင့်ပတ်သက်၍မူ အမြဲသိရှိထားရမည်။

မားကပ်စ်အူရီလီယပ်စ်ကလော်ဒီးယပ်စ်
(ရောမဧကရာဇ်)

မြန်မာ့အလင်း နိုင်ငံတကာမှုခင်းဖြစ်ရပ်

ဥပဒေကို မျက်ကွယ်ပြုခဲ့သော်လည်း

လန်ကက်ရှိုင်းယားမြို့သည်ဗြိတိန်နိုင်ငံအနောက်မြောက်ပိုင်းတွင် တည်ရှိပြီး လူဦးရေ တစ်သန်းလေးသိန်းကျော်နေထိုင်သည့်မြို့ကြီးတစ်မြို့ဖြစ်သည်။ ထိုမြို့တွင်အလုပ်ကြိုးစားပြီး ရိုးသားသောလူရွယ်တစ်ဦးဖြစ်သည့် တိုနီဆင့်ချ် နေထိုင်သည်။ ထို့အတူ သူ၏စရိုက်နှင့်ဆန့်ကျင်ဘက် လူငယ်တစ်ဦးဖြစ်သူ လီအမ်ကီရိုး**(ယာပုံ)** လည်း ယင်းမြို့တွင်ပင်နေထိုင်သည်။

ရပ်တည်နိုင်ခဲ့

တိုနီဆင့်ချ်သည် အစောပိုင်းနှစ်များက ပေါင်မုန့်ဆိုင်တစ်ဆိုင်တွင် တစ်နေ့လျှင်၁၄နာရီမျှ ဝင်ရောက်လုပ်ကိုင်ကာ ငွေကြေးစုဆောင်းခဲ့သည်။ သူ၏ အလုပ်ကြိုးစားပြီး ငွေကြေးစုဆောင်းမှုကြောင့် မကြာမီတွင် သူနေထိုင်ရာ လန်ကက်ရှိုင်းယားမြို့ စကီမာဒေးလ်အရပ်တွင် စတိုးဆိုင်တစ်ဆိုင်ကို ပိုင်ဆိုင်ကာ ကိုယ်ပိုင်လုပ်ငန်းဖြင့် ရပ်တည်နိုင်ခဲ့သည်။

တိုနီဆင့်ချ်သည် ၁၉၉၉ခုနှစ်က သူ၏ဘဝကို ပင်ပင်ပန်းပန်း ရုန်းကန်ကာ အောင်မြင်သော စီးပွားရေးလုပ်ငန်းကို ထူထောင်နိုင်ခဲ့ချိန်တွင် စိန့်ဟယ်လင်ဒေသ ဘီလင်ဂီအရပ်ရှိ တစ်မြို့တည်းနေထိုင်သူ လီအမ်ကီးရိုးမှာ ထိုစဉ်က အသက်၁၇နှစ်အရွယ်တွင်ပင် ကိုယ်ထိလက်ရောက်ကျူးလွန်မှု၊ ဖောက်ထွင်းမှုများဖြင့် ပထမဦးဆုံးပြစ်မှုထင်ရှား စီရင်ခြင်းခံခဲ့ရပြီး ဖြစ်သည်။

နောက်သုံးနှစ်အကြာ ၂၀၀၂ခုနှစ်တွင်ကီရိုးသည်ဆေးခြောက်နှင့်လက်နက်လက်ဝယ်ထားရှိမှုဖြင့်ပြစ်မှုထင်ရှားစီရင်ခြင်းခံခဲ့ရပြန်သည်။ ကီရိုးနေထိုင်ရာ စကီမာဒေးလ်အရပ်မှ ဒေသခံများက အကြမ်းဖက်မှု၊ ဓားပြမှုများသည်သူ၏

လက်ချက်ဖြစ်သည်ဟု ရိပ်စားမိခဲ့ကြသည်။

ထိုနှစ်တွင်ပင်စကီမာဒေးလ်အရပ်ရှိ စတိုးဆိုင်ကြီးတစ်ဆိုင်တွင် အရောင်းလက်ထောက်ဆူဆန်ပီယီသည် တစ်ဦးတည်း ဈေးရောင်းနေခိုက် အသက် ၁၉နှစ်သာရှိသေးသူ ကီရိုးက ပီယီ၏ မျက်နှာကို ဓားဖြင့်ထောက်ခြိမ်းခြောက်ကာ စတိုးဆိုင်ကောင်တာ အံဆွဲထဲမှ ငွေများနှင့်အချိုရည်များ၊ စီကရက်ဘူးများကို ယူဆောင်သွားခဲ့သည်။

ယင်းလတွင်ပင် ကီရိုးသည် ၄င်းအရပ်၌ တစ်ဦးတည်းသာ ဈေးရောင်းသော အမျိုးသမီးဆိုင်ရှင်များ၊ သတင်းစာ ကိုယ်စားလှယ်တစ်ဦးနှင့် စာတိုက်တစ်ခုတွင် ဓားပြမှုများ ဆက်လက် ကျူးလွန်ခဲ့သည်။ ကီရိုးအား လူငယ်ထိန်းသိမ်းရေးစခန်းတွင် လေးနှစ်ကြာထိန်းသိမ်းခဲ့သော ပြစ်ဒဏ်က သူ့အားပြုပြင် ပြောင်းလဲပေးခြင်း မပြုနိုင်ခဲ့ပေ။

သူသည် ၂၀၀၇ ခုနှစ် စက်တင်ဘာလတွင် ပြစ်ဒဏ်မှ လွတ်မြောက်ခဲ့ပြီးနောက် ဈေးဆိုင်ပိုင်ရှင်များကိုပင် ဆက်လက် ဓားပြတိုက်ခဲ့ပြန်ရာ လေးရက်အတွင်း လက်နက်ကိုင် စီးနင်းမှု နှစ်ခုကိုကျူးလွန်သည်ဟူသော စွဲချက်ဖြင့်တရားရုံးတွင် ရင်ဆိုင်ခဲ့ရပြန်သည်။ တစ်ခုမှာ သူနေထိုင်ရာ စကီမာဒေးလ်အရပ်မှ စာတိုက်မှူး တယ်ရီလင့်ဘ်ကို ၄င်းနေထိုင်ရာစာတိုက်အတွင်းသေနတ်ဖြင့် ခေါင်းကိုရိုက်ခဲ့ခြင်းပင်ဖြစ်သည်။ ထိုသို့ရိုက်ခဲ့မှုကြောင့် တယ်ရီလင့်ဘ်မှာ ၁၂ ချက် ချုပ်ခဲ့ရသည်။ ကီရိုးသည် ၂၀၀၆ ခုနှစ် နိုဝင်ဘာလကလည်း တယ်ရီလင့်ဘ်နှင့် ဗာလီရီလင့်ဘ်တို့ ဇနီးမောင်နှံနှစ်ဦးကို ဓားပြတိုက်ရန် ကြိုးပမ်းမှုဖြင့် တရားစွဲဆိုခံခဲ့ရဖူးသည်။

လေးရက်အတွင်းကျူးလွန်ခဲ့သည့် ကီရိုး၏ ဒုတိယပြစ်မှုမှာ စတိုးဆိုင်တစ်ဆိုင်အတွင်းသို့ မျက်နှာဖုံးစွပ်လျက် ဝင်ရောက်ခဲ့ပြီး သေနတ်ဖြင့်ထောက်ကာ ပေါင် ၈၀၀၀ကို လုယူခဲ့သည်။ ယင်းပြစ်မှုကျူးလွန်ပြီး တရားရုံးတွင် နှစ်ရက်တာရင်ဆိုင်နေချိန်၌ အာမခံရရှိခဲ့သည့် ၂၀၀၇ခုနှစ် ဒီဇင်ဘာလ၌ ထွက်ပြေးတိမ်းရှောင်နေခဲ့သည်။

ရန်ရှာခဲ့

ရိုးသားပြီး အလုပ်ကြိုးစားသော တိုနီဆင့်ချ်သည် ယခုနှစ် ဖေဖော်ဝါရီ ၂၁ ရက် ည၉နာရီခွဲခန့်က သူ၏ ဆိုင်ကိုပိတ်ပြီး ကားမောင်းကာ အိမ်ပြန်လာစဉ်တွင် ကြမ္မာဆိုးက သူ့ထံမဖိတ်ခေါ်ဘဲ ရောက်လာခဲ့သည်။အကြောင်းမှာ ရာဇဝတ်ဘေးမှ ထွက်ပြေးတိမ်းရှောင်နေခဲ့သောကီရိုးက သူ့အားလမ်းမှ ချုံခိုတိုက်ခိုက် လုယက်ခဲ့သောကြောင့် ဖြစ်သည်။

ထိုနေ့ ည ၉နာရီမိနစ်၄၀ခန့်၌ လမ်းခုလတ်အရောက်တွင် တိုနီဆင့်ချ်အား မျက်နှာဖုံးစွပ်ထားသော ကီရိုးက သူ၏ကားမှန်ကိုရိုက်ခွဲကာဓားပြတိုက်ခဲ့သည်။တိုနီသည် သူကျားကုတ်ကျားခဲရှာထားရသော ငွေကြေးနှင့် သူ၏ အသက်ကို ကာကွယ်သည့် အနေဖြင့် ကီရိုးက သူ့အား ထိုးလာသည့် ဓားကို လုယူကာ ခုခံရင်းဖြင့် ကီရိုး၏ ဝမ်းဗိုက်ကိုထိုးမိတော့သည်။ကီရိုးမှာထွက်ပြေးသွားခဲ့ပြီး ခပ်လှမ်းလှမ်းအရောက်တွင် လဲကျသေဆုံးသွားတော့သည်။ အသက် ၃၄နှစ်အရွယ်ရှိ တိုနီဆင့်ချ်မှာ သူမတော်တဆကျူးလွန်ခဲ့သော ပြစ်မှုအတွက် ရဲအဖွဲ့ထံသွားရောက် အဖမ်းခံခဲ့သည်။ တရားရုံးက သူကျူးလွန်ခဲ့သောပြစ်မှုအတွက်လူသတ်မှု၊လူသေမှုနှင့် ကိုယ်ထိလက်ရောက် ကျူးလွန်မှု သုံးခုအနက်မှအကျုံးဝင်သည့်ပြစ်မှုဖြင့် စီရင်ချက်ချရန်ဆုံးဖြတ်နေဆဲဖြစ်သည်။

လီအမ်ကီရိုးသည် ပြစ်မှုများကို ကျူးလွန်ကာ တရားဥပဒေကို မျက်ကွယ်ပြုရှောင်တိမ်းခဲ့သော်လည်းမလွတ်နိုင်ဘဲ ဥပဒေ၏အဆုံးအမကို မခံယူရမီတွင်ထပ်မံကျူးလွန်ခဲ့သောလုယက်မှု၏ တန်ပြန်သက်ရောက်မှုဒဏ်ကို ခံခဲ့ရပြီး အသက်ဆုံးရှုံးခဲ့ရသည်။ ရိုးသားအေးဆေးစွာ စီးပွားရှာနေသော တိုနီဆင့်ချ်ထံ မဖိတ်ခေါ်ဘဲရောက်လာသော ကြမ္မာဆိုးဝင်ခဲ့သည့်ဖြစ်ရပ်ကို သင်ခန်းစာယူဖွယ်ရာ မှုခင်းဖြစ်ရပ်အဖြစ် ဖော်ပြလိုက်ရပါကြောင်း။ ။

ချစ်စိုးနိုင် ကိုးကားရေးဖွဲ့ သည်

ဂါဇာကမ်းမြောင်ဒေသသို့ အစ္စရေးတပ်များ လေကြောင်း ဖြင့် တိုက် ခိုက်ပြီး နောက်အပျက် အစီး များကို မတ် ၄ရက်က ဤသို့ တွေ့ရသည်။ (အင်တာနက်ဓာတ်ပုံ)

ဂါဇာကမ်းမြောင်သို့ အစ္စရေးတပ်များ ထပ်မံဝင်ရောက်

တစ်ဦးသေဆုံး၊ ၁၀ဦးဒဏ်ရာရ

ဂါဇာ မတ် ၆

အစ္စရေးတပ်ဖွဲ့ဝင်များ ဂါဇာကမ်းမြောင်သို့ မတ်၅ရက်က ထပ်မံဝင်ရောက်လာပြီးနောက် ပါလက်စတိုင်း စစ်သွေးကြွများနှင့် ထိပ်တိုက်ပစ်ခတ်ကြသည့်အတွက် ကလေးငယ်တစ်ဦး သေဆုံးကြောင်း ဆရာဝန်များက ပြောကြားသည်။

ဝင်ရောက်

အပျက်အစီးနှင့်သွေးထွက်သံယိုမှုများပြားသည့် ဂါဇာကမ်းမြောင်မြောက်ပိုင်း အစ္စရေးတို့၏ ငါးရက်ကြာ စစ်ဆင်ရေးအပြီး နောက်တစ်ရပ်တွင် ဂါဇာကမ်းမြောင် တောင်ပိုင်းတွင် အထက်ပါအတိုင်း အစ္စရေးတပ်ဖွဲ့ဝင်များ ဝင်ရောက်ခြင်း ဖြစ်သည်။ ဒဏ်ရာရသူ ၁၀ဦးရှိသည်ဟုလည်း ဆရာဝန်များက ပြောကြားသည်။

မျှော်လင့်

အရှေ့အလယ်ပိုင်း ဒေသခရီးစဉ် အဆုံးသတ်နေသည့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ရိုက်စ်ကမူ အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေး ဆွေးနွေးပွဲ ပြန်လည်ကျင်းပနိုင်မည်ဟု မျှော်လင့်လျက်ရှိသည်။

လိုအပ်

ဟားမက်စ်အုပ်စု၏ ဩဇာလွှမ်းမိုးမှုကို တန်ပြန်ရန် လိုအပ်ကြောင်း ပြောကြားလျက် ရိုက်စ်က ငြိမ်းချမ်းရေးဆွေးနွေးပွဲ အမြန်ဆုံး ပြန်စရန် တိုက်တွန်းထားသည်။

(အင်တာနက်)

အီရန်သမ္မတ လာရောက်စဉ် ဘဂ္ဂဒက်၌ ဗုံးကွဲ

ဘဂ္ဂဒက် မတ် ၆

ဘဂ္ဂဒက်မြို့တော်သို့ အီရန်သမ္မတ မာမွတ်အာမက်ဒီနီဂျက်၏ သမိုင်းဝင် လာရောက်လည်ပတ်သည့် ခရီးစဉ်အတွင်း မြို့တော်တစ်ခုလုံး လုံခြုံရေးပိုမို တင်းကျပ်စွာ ချထားသည့်ကြားမှပင် အသေခံကားဗုံးခွဲတိုက်ခိုက်မှုနှစ်ခုကြောင့် မတ် ၃ရက်က လူပေါင်း ၁၉ဦးသေဆုံးကြောင်း အီရတ်လုံခြုံရေး သတင်းရပ်ကွက်က ပြောကြားသည်။

လာရောက်လည်ပတ်

အီရန်နိုင်ငံ၏ ရန်သူဟောင်းကြီး အီရတ်သမ္မတ ဆက်ဒမ်ဟူစိန်အားဖယ်ရှားရန် ၂၀၀၃ခုနှစ် မတ်လတွင် အမေရိကန်ဦးဆောင်သည့် တပ်များ အီရတ်သို့ ကျူးကျော်ဝင်ရောက်ပြီးနောက် အီရန်သမ္မတ အာမက်ဒီနီဂျက်မှာ အီရတ်သို့ ပထမဆုံး လာရောက်လည်ပတ်သည့် ဒေသတွင်းခေါင်းဆောင် ဖြစ်သည်။

တိုက်ခိုက်

ယခုဗုံးခွဲတိုက်ခိုက်မှုများမှာ အီရန်သမ္မတ၏ ခရီးစဉ်နှင့်မည်သို့မျှ ဆက်စပ်မှု မရှိကြောင်း အီရတ်အရာရှိများက ပြောကြားသည်။ မြို့တော်အလယ်တွင် အီရတ်စစ်ဘက်က ကင်းလှည့်စဉ် အသေခံ ကားဗုံးခွဲတိုက်ခိုက်မှုကြောင့် အီရတ်တပ်ဖွဲ့ဝင်များ အပါအဝင်၁၅ဦး သေဆုံးပြီး ၂၀ ဒဏ်ရာရရှိသွားသည်။

တစ်ဖန် ဘဂ္ဂဒက်မြို့ အရှေ့ပိုင်း အသေခံဗုံးခွဲမှုကြောင့် တပ်ဖွဲ့ဝင်နှစ်ဦး အပါအဝင် လေးဦးသေဆုံးပြီး ၁၀ဦး ဒဏ်ရာရရှိခဲ့သည်။

အမ်အင်န်အေ၊ရိုက်တာ

ဂျာမနီနိုင်ငံ ဘာလင်မြို့၌ မတ် ၄ ရက်က ယာဉ်တိုက်မှု ဖြစ်ပွား ခဲ့ ပုံ ကို ဤသို့ တွေ့ရသည်။ (အင်တာနက်ဓာတ်ပုံ)

အိုပက်အဖွဲ့ဝင်များ၏ နေ့စဉ် ရေနံထုတ်လုပ်မှု ပုံမှန်ထုတ်လုပ်သွားမည်ဟု အိုပက်ဝန်ကြီးများ ပြောကြား

ဗီယင်နာ မတ် ၆

အမေရိကန်က ၎င်း၏စီးပွားရေး ပြန်လည်ကောင်းမွန်လာစေရန်နှင့် ရေနံတိုးထုတ်ပေးရန် လိုလားနေသော်လည်း ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့သို့ရောက်ရှိနေသော အိုပက်ဝန်ကြီးများက ရေနံထုတ်လုပ်မှုကို မှန်မှန်သာ ထုတ်ပေးနိုင်မည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

ယုံကြည်

အမေရိကန်ဒေါ်လာတန်ဖိုး ကျဆင်းလာချိန်တွင် ရေနံဈေးနှုန်းမှာ မြင့်တက်လာကြောင်း အိုပက်အဖွဲ့က ပြောကြားသည်။ မတ် ၃ရက်က ရေနံစိမ်းတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၁၀၃ဒသမ၉၅အထိ မြင့်တက်လာခြင်းကို လျော့ပါး သက်သာစေရန်အတွက် ရေနံတင်ပို့ရောင်းချသော နိုင်ငံများက ရေနံတိုးထုတ်ပေးလိမ့်မည်ဟု ဝါရှင်တန်က ယုံကြည်ထားသည်။

ထုတ်ပေးနိုင်

သို့သော်လည်း အိုပက်ဝန်ကြီးများက ရေနံထုတ်လုပ်မှုကို ပုံမှန်သာ ထုတ်လုပ်ပေးနိုင်မည်ဖြစ်ကြောင်း ပြောကြားလျက် ရှိသည်။ အိုပက်အဖွဲ့၏ ရေနံအများဆုံး ထုတ်လုပ်မှုကို ပြောင်းလဲရန် အချိန်မကျရောက်သေးကြောင်း ကူဝိတ်ယာယီရေနံဝန်ကြီး မိုဟာမက်အယ်လ်အိုလိမ်းက ပြောဆိုသည်။

အမ်အင်န်အေ၊ရိုက်တာ

အာဖဂန်၌ အမေရိကန်နှင့်နေတိုးတပ်များ တပ်စွဲထားမှု နိုင်ငံရေး၊ စီးပွားရေးထိခိုက်ဟု ရုရှားသတိပေး

ကဘူးလ် မတ် ၆

အာဖဂန်နစ္စတန်နိုင်ငံ၌ အမေရိကန်နှင့်နေတိုးတပ်ဖွဲ့ဝင်များ ရှိနေခြင်းသည် အကြမ်းဖက်ဝါဒ တိုက်ဖျက်ရေးထက် ဒေသ၏နိုင်ငံရေးနှင့် စီးပွားရေး ရည်မှန်းချက်များကိုသာ ထိခိုက်နေကြောင်း ရုရှားက သတိပေးလိုက်သည်။

တပ်စွဲထား

ယင်းနိုင်ငံ၌ အမေရိကန် ဦးဆောင်သော တပ်ဖွဲ့ဝင်များက ၂၀၀၁ခုနှစ်တွင် တာလီဘန်အစိုးရကို ဖြုတ်ချပြီး နေတိုးနှင့် အမေရိကန်စစ်တပ်အောက်တွင် နိုင်ငံခြားတပ်ဖွဲ့ဝင် ၅၀၀၀၀ တပ်စွဲထားခဲ့သည်။

အကြမ်းဖက်

အမေရိကန်နှင့်နေတိုးတပ်ဖွဲ့ဝင်များသည် အာဖဂန်နစ္စတန်နိုင်ငံ၌ အကြမ်းဖက် ဝါဒတိုက်ဖျက်ရန် မူဘောင်တစ်ခု အရသာ ရှိနေသင့်ကြောင်း အာဖဂန်နစ္စတန်နိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီး ဇာမီယာကာဘူလော့ဗ်က ပြောကြားသည်။

ပြောကြား

အာဖဂန်နစ္စတန်နိုင်ငံ၌ ကြာရှည်စွာ တပ်များစွဲထားခြင်းမှာ အဆုံးသတ်သင့်ပြီဖြစ်ကြောင်း၊ တပ်များစွဲထားခြင်းကြောင့် နိုင်ငံရေး၊ စီးပွားရေး အကျိုးအမြတ်များ မရှိသည့်အပြင် ဆိုးကျိုးကိုသာ ဖြစ်ပေါ်စေလိမ့်မည် ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ကျူးကျော်

အမေရိကန် ဦးဆောင်သော တပ်များသည် အမေရိကန်၌ စက်တင်ဘာ ၁၁ရက်က တိုက်ခိုက်မှုတွင် ကြိုးကိုင်သည်ဟု သံသယရှိသူ အိုစမာဘင်လာဒင်အား လွှဲပြောင်းပေးရန် ငြင်းဆန်မှုဖြင့် တာလီဘန်တို့အား ကျူးကျော်တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

အမ်အင်န်အေ၊ရိုက်တာ

ပါကစ္စတန်နျူကလီးယားသိပ္ပံပညာရှင် နာမကျန်း၍ ဆေးရုံတက်ကုသမှုခံယူနေရ

အစ္စလမ္မာဘတ် မတ် ၆

ပါကစ္စတန် နျူကလီးယား သိပ္ပံပညာရှင် အေကျူခမ်း(အောက်ပုံ)**သည် အဖျားရောဂါရပြီး သွေးပေါင်ကျနေ၍ ဆေးရုံတက် ကုသမှုခံယူလျက်ရှိကြောင်း ၎င်း၏ မိသားစုများက ပြောကြားသည်ကို မတ် ၅ရက်တွင် အင်တာနက် သတင်း၌ ဖော်ပြသည်။**

ပြင်းထန်မှုမရှိ

ဒေါက်တာ အေကျူခမ်းသည် နာမကျန်းဖြစ်၍ ဆေးရုံတက်ကုသမှုခံယူလျက်ရှိကြောင်း၊ ရောဂါပြင်းထန်မှုမရှိကြောင်း ၎င်း၏ဇနီးဖြစ်သူ ဟင်နရီက ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။

ဝန်ခံထား

၂၀၀၆ ခုနှစ်က ဒေါက်တာ အေ ကျူခမ်းသည် ဆီးကျိတ်ကင်ဆာဖြစ်ခဲ့၍ ခွဲစိတ်ကုသမှုခံယူခဲ့ရသည်။ ထို့အရင် နှစ်နှစ်က သိပ္ပံပညာရှင် အေကျူခမ်းသည် လစ်ဗျား၊ အီရန်နှင့် မြောက်ကိုရီးယားသို့ နျူကလီးယားနည်းပညာများ ပေါက်ကြားခဲ့မှုရှိကြောင်း ဝန်ခံထားသည်။

ယင်းနျူကလီးယား နည်းပညာများ ပေါက်ကြားခဲ့ပြီးနောက် ၎င်းအား နေအိမ်အကျယ်ချုပ် ချထားခဲ့ရသည်။

သူရဲကောင်း

၎င်းသည် ပါကစ္စတန်နိုင်ငံ၏ နျူကလီးယားနှင့် ဒုံးပျံနည်းပညာများ ထူထောင်ရာတွင် သူရဲကောင်းအဖြစ် သတ်မှတ်ခံထားရသူ ဖြစ်သည်။

(အင်တာနက်)

အမေရိကန်နိုင်ငံ ပင်ဆာဗေးနီးယားပြည်နယ် ပစ်စဘတ်မြို့တွင် ဓာတ်ငွေ့ပေါက်ကွဲ မီးလောင်မှုဖြစ်ပွားပြီးနောက် အပျက်အစီးများအား မတ်၅ရက်က တွေ့ရစဉ်။

(အဆိုပါ မီးလောင်ကျွမ်းမှုတွင် နေအိမ်ရှစ်လုံး မီးလောင်ကျွမ်းပျက်စီး ဆုံးရှုံးခဲ့သည်။)

(အင်တာနက်ဓာတ်ပုံ)

ကမ္ဘာတစ်လွှား အားကစား

ချယ်လ်ဆီး အိမ်ကွင်း၌ အိုလံပီယာကို့စ်ကို ဂိုးပြတ်နိုင် ချန်ပီယံလိဂ်ဖလား ကိုးကြိမ်ဆွတ်ခူးခဲ့သည့် ရီးရဲပြိုင်ပွဲမှထွက်ခဲ့ရပြီ

လန်ဒန် မတ် ၆

ချန်ပီယံလိဂ် ၁၆သင်း ရှုံးထွက်အဆင့်ပြိုင်ပွဲများကို မတ် ၆ ရက်က ဆက်လက်ယှဉ်ပြိုင် ကစားခဲ့ရာ ပရီမီယာလိဂ်အသင်း ချယ်လ်ဆီး၊ အီတလီစီးရီးအေအသင်း ရိုးမားနှင့်ဂျာမနီဘွန်ဒက်စ်လီဂါအသင်း ရှော်လ်ကေးတို့ ပြိုင်ဘက်အသင်းများအပေါ် အသီးသီးအနိုင်ရရှိပြီး ကွာတားဖိုင်နယ်သို့ တက်ရောက်သွားပြီဖြစ်သည်။

ချယ်လ်ဆီး–အိုလံပီယာကို့စ်

ပထမအကျော့ ဂရိမြေတွင် ဂိုးမရှိ သရေပွဲဖြစ်ခဲ့သော ချယ်လ်ဆီး–အိုလံပီယာကို့စ်ပြိုင်ပွဲသည် ဒုတိယအကျော့ အင်္ဂလန်မြေ၌ ကစားရာ ချယ်လ်ဆီးတို့ အောင်ပွဲဆင်ရာမြေ ဖြစ်ခဲ့ရပြန်ပြီ ဖြစ်သည်။

ပွဲစသည်ဆိုလျှင်ပင် ချယ်လ်ဆီး ကစားသမားများ ရှေ့၊ နောက်၊ အလယ် အချိတ်ဆက်မိမိ မြိုင်မြိုင်ဆိုင်ဆိုင် ထိုးဖောက်ကစားခဲ့ရာ ပွဲစပြီး ခြောက်မိနစ်အကြာ လမ်းပတ်ဖြစ်တင်ပေးလိုက်သောဘောလုံးမှတစ်ဆင့် မိုက်ကယ်ဘောလက်က ချယ်လ်ဆီးအသင်းအတွက် ဖွင့်ဆော်ဦးဂိုး သွင်းယူလိုက်သည်။ ယင်းဂိုးသွင်းပြီး မိနစ် ၂၀အကြာ ဘောလက်အရှိန်ပြင်းပြင်း ကန်သွင်းလိုက်သော ဘောလုံးမှာ အိုလံပီယာကို့စ် ဂိုးသမားနီကိုပိုလီဒစ် ပုတ်ထုတ်လိုက်စဉ် ပြန်ထွက်လာသော ဘောလုံးကို လမ်းပတ်က အနီးကပ် ကန်သွင်းယူလိုက်သည်။

ချယ်လ်ဆီးအတွက် ကာလူး(လယ်) **အိုလံပီယာကို့စ်ဘက်သို့ ဤသို့ ဂိုးသွင်းယူခဲ့သည်။** (အင်တာနက်ဓာတ်ပုံ)

ကာလူး သွင်းယူပေး

ချယ်လ်ဆီးအသင်း၏ တတိယမြောက်ဂိုးကို ဒုတိယပိုင်းပြန်စပြီး သုံးမိနစ်အကြာ လမ်းပတ်၏ထောင့်ကန်ဘောမှတစ်ဆင့် ကာလူးက သွင်းယူပေးနိုင်ခဲ့သည်။

ပွဲအပြီး ချယ်လ်ဆီးက အိုလံပီယာကို့စ်အသင်းကို နှစ်ကျော့ပေါင်း သုံးဂိုးပြတ်ဖြင့် အနိုင်ရပြီး ကွာတားဖိုင်နယ်သို့ အောင်မြင်စွာ တက်လှမ်းနိုင်ခဲ့ပြီဖြစ်သည်။

ရီးရဲမက်ဒရစ်–ရိုးမား

ချန်ပီယံလိဂ်ဖလားကိုးကြိမ် ဆွတ်ခူးနိုင်ခဲ့သော ရီးရဲမက်ဒရစ်အသင်းသည် အိမ်ကွင်း၌ ရိုးမားအသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့် ရှုံးနိမ့်ပြီး ၁၆သင်းပြိုင်ပွဲမှ ထွက်ခဲ့ရပြီ ဖြစ်သည်။

ရီးရဲမက်ဒရစ်အသင်းမှ ပီပီသည် ပွဲချိန် ၇၁ မိနစ်တွင် နှစ်ဝါတစ်နီဖြင့် ပြိုင်ပွဲမှ ထွက်ခဲ့ရခြင်းကြောင့်လည်း ရီးရဲတို့ ကစားကွက် ပျော့သွား၍အရှုံးနှင့် ရင်ဆိုင်ရသည်ဟု ဆိုနိုင်ပါသည်။ ၎င်းထွက်သွားပြီး နှစ်မိနစ်အကြာ ရိုးမားက တရစပ်ထိုးဖောက်တိုက်စစ်ဆင် ကစားခဲ့ရာ တက်ဒီက ရိုးမားအသင်းအတွက် ခေါင်းတိုက်ဂိုးဖြင့် ဖွင့်ဆော်ဦးဂိုး သွင်းယူလိုက်သည်။

မြင့်မောင်စိုး စုစည်းရေးသားသည်

ရိုးမားတို့အနိုင်ရ

သို့သော်လည်း ရာအူးလ်က ရီးရဲအတွက် ပွဲချိန် ၇၅မိနစ်တွင် ချေပဂိုးသွင်းယူနိုင်ခဲ့သည်။ ပွဲသိမ်းလေလွင့်ချိန်တွင် ဗူစီနစ်က ရိုးမားအသင်းအတွက် ခေါင်းတိုက် ဂိုးသွင်းယူခဲ့၍ ပွဲအပြီး နှစ်ဂိုး–တစ်ဂိုးဖြင့် ရိုးမားတို့ အနိုင်ရခဲ့သည်။

ရိုးမားအသင်းသည် ပထမအကျော့ အိမ်ကွင်း၌ ကစားရာတွင်လည်း ရီးရဲကို နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရခဲ့၍ နှစ်ကျော့ပေါင်း ရိုးမားက လေးဂိုး–နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

ပေါ်တို–ရှော်လ်ကေး

ပထမအကျော့ပြိုင်ပွဲတွင် ရှော်လ်ကေးက အိမ်ကွင်း၌ တစ်ဂိုး–ဂိုးမရှိဖြင့် ပေါ်တိုအသင်းကို အနိုင်ရရှိထားခဲ့သည်။ ဒုတိယအကျော့ ပေါ်တိုက အိမ်ကွင်း၌ တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရခဲ့၍ သရေပွဲဖြစ်သွားသဖြင့် ပယ်နယ်တီ ကန်သွင်းခဲ့ရာ ရှော်လ်ကေးက ပင်နယ်တီ လေးဂိုး–တစ်ဂိုးဖြင့်နိုင်ပြီး ကွာတားဖိုင်နယ်သို့ တက်ရောက်နိုင်ခဲ့သည်။

လီဗာပူး

ပထမအကျော့အိမ်ကွင်း၌ နှစ်ဂိုးပြတ် အနိုင်ရထားသော လီဗာပူးအသင်းသည် မတ်၁၁ရက်တွင် အင်တာမီလန်ကွင်းသို့ သွားရောက်ကစားရမည်ဖြစ်သည်။ **(အင်တာနက်)**

အာဆီယံ အမျိုးသမီးဘောလုံးပွဲ ဗီယက်နမ်နိုင်ငံ ဟိုချီမင်း၌ ကျင်းပမည်

ဟန္နိုင်း မတ် ၆

အေအာအက်ဖ်(အာဆီယံဘောလုံးအဖွဲ့ချုပ်) အမျိုးသမီး ချန်ပီယံရှစ် ၂၀၀၈ဘောလုံးပြိုင်ပွဲကို ဗီယက်နမ်နိုင်ငံဟိုချီမင်းမြို့၌ အောက်တိုဘာလတွင် ကျင်းပမည်ဖြစ်ကြောင်း ဗီယက်နမ်ဘောလုံးအဖွဲ့ချုပ်က ပြောကြားသည်။

ဗီယက်နမ်၊ မြန်မာ၊ အင်ဒိုနီးရှား၊ မလေးရှားနှင့် လာအိုနိုင်ငံတို့သည် အုပ်စု(က)တွင်ပါဝင်ပြီး ဩစတြေးလျ၊ ထိုင်း၊ စင်ကာပူနှင့် ဖိလစ်ပိုင်တို့သည် အုပ်စု(ခ)၌ ပါဝင်သည်။ ယင်းအာဆီယံအမျိုးသမီးဘောလုံးပြိုင်ပွဲ၏ လက်ရှိချန်ပီယံမှာ မြန်မာအမျိုးသမီး အသင်းဖြစ်သည်။

(အင်တာနက်)

အကြိတ်အနယ် ယှဉ်ပြိုင်ခဲ့

ရီးရဲနှင့် ရိုးမားတို့ ဤသို့ အကြိတ်အနယ် ယှဉ်ပြိုင်ခဲ့ကြသည်။ (အင်တာနက်ဓာတ်ပုံ)

ချန်ပီယံလိဂ် ကွာတားဖိုင်နယ်တက်ရောက်ခဲ့သည့် နည်းပြတို့ရဲ့ ရင်ဖွင့်စကား

မောင်မောင်မြင့်ဆွေ

လန်ဒန် မတ် ၆

ချန်ပီယံလိဂ် ၁၆သင်းအဆင့် ဒုတိယအကျော့ လက်ကျန်ပွဲစဉ်တွေ မတ်၆ရက်မှာ ကစားပြီးသွားခဲ့လို့

“အနိုင်ရဖို့ အားထုတ်ခဲ့ရတယ်”

ရိုးမားနည်းပြ စပယ်လက်တီ

ချယ်လ်ဆီး၊ရိုးမားနဲ့ရှော်လ်ကေးအသင်းတွေ ကွာတားဖိုင်နယ် တက်ရောက်ခဲ့ပြီ ဖြစ်ပါတယ်။

အနိုင်ရ

မတ် ၆ရက်က ယှဉ်ပြိုင်ကစားခဲ့တဲ့ ချန်ပီယံလိဂ် ၁၆သင်းအဆင့် ဒုတိယအကျော့ပွဲတွေမှာ အနိုင်ရရှိခဲ့တဲ့ ဘောလုံးအသင်း နည်းပြတွေရဲ့ ရင်ဖွင့်စကားတွေကို ဖော်ပြရမယ်ဆိုရင် အိမ်ကွင်းမှာ အိုလံပီယာကို့စ်ကို သုံးဂိုးပြတ် အနိုင်ရရှိခဲ့တဲ့ ချယ်လ်ဆီးနည်းပြ ဂရန့်က **“ဒီပွဲမှာ ကျွန်တော့်လူတွေ အကောင်းဆုံး ကစားသွားနိုင်ကြတယ်။ အိုလံပီယာကို့စ် ကစားတာလည်း ကောင်းပါတယ်။ ဒါပေမယ့် ကျွန်တော့် တိုက်စစ်မှူးတွေကို သူတို့ တော်တော်လေး ဟန့်တားခဲ့ရတယ်။ ဒီပွဲရဲ့ ကစားပုံအတိုင်းသာ နောက်အဆင့်တွေမှာ ကစားနိုင်ရင် ကျွန်တော်တို့ အခြေအနေကောင်းနဲ့ ကြုံတွေ့ရမှာပါ။ ချယ်လ်ဆီးအသင်းဟာ ကမ္ဘာ့အဆင့်မီ ဘောလုံးသမားတွေနဲ့ ဖွဲ့စည်းထားတဲ့ အသင်းပါ။ အသင်းတိုင်းဟာ ပွဲတိုင်း ရလဒ်မကောင်းနိုင်ပေမယ့် ကျွန်တော့်လူတွေရဲ့ ကြိုးစားအားထုတ်မှုကို ကျွန်တော် ယုံကြည်ပါတယ်။ ကွာတားဖိုင်နယ်မှာ တော့ ဒီလိုရလဒ်မျိုးတွေ ပိုင်ဆိုင်နိုင်အောင် ကျွန်တော်တို့ဆက်ပြီး ကြိုးစားသွားမှာပါ”** လို့ ပြောကြားခဲ့ပါတယ်။

ဒီပွဲမှာ ဂိုးပြတ် ရှုံးနိမ့်ခဲ့ပြီး ချန်ပီယံလိဂ် ပြိုင်ပွဲက ထွက်ခဲ့ရတဲ့ အိုလံပီယာကို့စ် နည်းပြ တာကစ်လီမိုနစ်ကတော့ **“စိတ်ပျက်စရာကောင်းတဲ့ရလဒ်ပါပဲ။ ပွဲအစပိုင်းမှာကတည်းက ကျွန်တော့်လူတွေ အမှားအယွင်းလုပ်ခဲ့ကြတယ်။ အရေးကြီးတဲ့ ပွဲတစ်ပွဲမှာ ကျွန်တော်တို့ အားနည်းချက်တွေ ဖြစ်ခဲ့တာမို့ ရှုံးရတာကို လက်ခံပါတယ်။ ချယ်လ်ဆီးအသင်း ကစားသွားတာ ကောင်းပါတယ်။ ဒါပေမယ့် ဒီလိုရလဒ်မျိုးတော့ ကျွန်တော်တို့ မဖြစ်သင့်ပါဘူး”** လို့ပြောကြားသွားပါတယ်။

တက်ရောက်

ဒီလိုပါပဲ ရီးရဲမက်ဒရစ်ကို နှစ်ဂိုး–တစ်ဂိုးနဲ့ အနိုင်ရပြီး ချန်ပီယံလိဂ် ကွာတားဖိုင်နယ်ကို တက်ရောက်သွားပြီဖြစ်တဲ့ ရိုးမားနည်းပြ စပယ်လက်တီကတော့ **“ရီးရဲလို အသင်းကို အနိုင်ရခဲ့တာကတော့ ဂုဏ်ယူစရာပါပဲ။ ကျွန်တော်တို့ ဒီပွဲ အနိုင်ရဖို့ အားကုန်ထုတ်ခဲ့ရပါတယ်။ ရိုးမားအသင်းရဲ့ ခြေစွမ်းဟာ အဆင့်**

“ဆက်ပြီး ကြိုးစားရဦးမှာပါ”

ချယ်လ်ဆီးနည်းပြ ဂရန့်

အတန်းရှိကြောင်းလည်း ပြသနိုင်ခဲ့တာမို့ ဒီပွဲရလဒ်ကို ကျေနပ်ပါတယ်။ နောက်တစ်ဆင့်မှာ ကျွန်တော်တို့ ဒီထက်ခက်ခဲတဲ့ပွဲတွေ ကစားရမှာမို့ ကျွန်တော့်အသင်း ပြင်ဆင်ရဦးမှာပါ” လို့ ဖွင့်ဟသွားပါတယ်။

ပေါ်တိုကို အနိုင်ရပြီး ကွာတားတက်ရောက်ခဲ့တဲ့ ရှော်လ်ကေးနည်းပြကတော့ **“ခက်ခဲပင်ပန်းတဲ့ ပွဲပါပဲ၊ ကျွန်တော့်လူတွေ စိတ်ဓာတ်ကောင်းလွန်းလို့သာ နိုင်ပွဲရခဲ့တာပါ။ ထိုက်တန်တဲ့ နိုင်ပွဲဖြစ်ပါတယ်”** လို့ပြောပြသွားပါတယ်။ ။ **(အင်တာနက်)**

တိုက်စစ်မှူး တောရက်စ် ဒုတိယမြောက်ဟက်ထရစ်ဂိုးသွင်း

လန်ဒန် မတ် ၆

လီဗာပူးနှင့် ဝက်စ်ဟမ်းအသင်းတို့သည် ပရီမီယာလိဂ်လက်ကျန်ပွဲအဖြစ် မတ်၅ရက်က ယှဉ်ပြိုင်ကစားခဲ့ရာ လီဗာပူးက လေးဂိုး–ဂိုးမရှိဖြင့် နိုင်ပြီး အမှတ်ပေးဇယား စတုတ္ထနေရာသို့ တက်ရောက်သွားသည်။

အဆိုပါ ပြိုင်ပွဲတွင်တိုက်စစ်မှူး တောရက်စ်က ဟက်ထရစ်ဂိုးသွင်းပြီး စတီဗင်ဂျရတ်က ပွဲသိမ်း စတုတ္ထမြောက်ဂိုး သွင်းယူခဲ့သည်။ တောရက်စ်သည် ဖေဖော်ဝါရီ၂၃ရက်က မစ်ဒယ်ဘာရော့နှင့် ကစားရာတွင်လည်း ဟက်ထရစ်ဂိုးသွင်းခဲ့၍ ယခုသွင်းယူသည့် ဟက်ထရစ်ဂိုး အပါအဝင် အန်ဖီးလ်ကွင်း၌ နှစ်ကြိမ်မြောက် ဟက်ထရစ်ဂိုးသွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။

(အင်တာနက်)

အင်တာနက် သတင်းအတိုအထွာ

◆ အေစီမီလန်အသင်းသည် ယခုနွေရာသီ အပြောင်းအရွှေ့၌ ချယ်လ်ဆီးတိုက်စစ်မှူး ဒရော့ဘာအား ပေါင်သန်း၂၀ဖြင့် ခေါ်ယူရန် ကမ်းလှမ်းနေသည်။

❒ **ဘလက်ဘန်းအသင်းသည် အေစီမီလန် တိုက်စစ်မှူးဟောင်း ဂျိုဟန်ဗိုဂယ်လ်ကို နှစ်တိုးစာချုပ်ချုပ်ဆိုရေး ဆိုင်းငံ့လိုက်သည်။**

◆ အာဆင်နယ်အသင်းသည် ကာဒစ်စီးတီးလူငယ်ကွင်းလယ်ကစားသမား အရွန်ရမ်ဆေးကို ခေါ်ယူရန် ကာဒစ်အသင်းနှင့် ဆက်သွယ်ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိသည်။

❒ **ဝက်စ်ဟမ်းနည်းပြ အလန်ကာဘစ်ရှ်လေသည် ချယ်လ်ဆီးကွင်းလယ်ကစားသမား ဆစ်ဝဲကို ပေါင်ငါးသန်းတန် စာချုပ်ချုပ်ဆိုရန် ကြိုးစားနေသည်။**

◆ မန်စီးတီးဂိုးသမား ဂျိုးဟတ်၊ အက်စတွန်ဗီလာတိုက်စစ်မှူး အဘွန်လဟောနှင့် နယူးကာဆယ် တောင်ပံကစားသမား ဂျိမ်းမီလ်နာတို့သည် လာမည့်ရာသီတွင် လက်ရှိအသင်း၌ ဆက်ကစားမည်ဟုဆိုထားသည်။

❒ **ဒူးဘိုင်းလ်နိုင်ငံတကာ စီးပွားရေးလုပ်ငန်းအုပ်စုသည် လီဗာပူးအသင်းပိုင်ရှင်များနှင့် အသင်းအား ဝယ်ယူစာချုပ်ချုပ်ဆိုရန် ဆွေးနွေးမှုသည် ၅၀ရာခိုင်နှုန်းအထိ ပြီးစီးနေပြီသည်။**

◆ နယူးကာဆယ်နည်းပြ ကီဗင်ကီးဂန်းသည် ဆီနီဂေါအသင်း ခံစစ်မှူး ဒီယတ်တာကို ခေါ်ယူရန် ကြိုးစားနေသည်။

❒ **ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲသည် ကမ္ဘာပေါ်၌ အကောင်းဆုံးဖြစ်သဖြင့် ၎င်းအနေဖြင့် မည်သည့်အခါမျှ ယင်းပြိုင်ပွဲမှ စွန့်ခွာမည်မဟုတ်ကြောင်း မန်ယူတိုက်စစ်မှူး ရွန်နေက ပြောကြားသည်။**

◆ အာဆင်နယ်အသင်းသည် ဖေဖော်ဝါရီ၄ရက်က ဆန်စီရိုတွင် အေစီမီလန်အသင်းကို အနိုင်ရရှိခဲ့သော်လည်း မိမိတို့ ဝီဂန်ကွင်း ဂျေဂျေဘီ၌ ခက်ခက်ခဲခဲ ရန်းကန်ရမည်ဖြစ်ကြောင်း ဝီဂန်ဂိုးသမား ခရစ်ကီလန်က ပြောကြားလိုက်သည်။

❒ **ချယ်လ်ဆီးနည်းပြ ဂရန့်က ၎င်းအသင်းသည် လေးနှစ်အတွင်း ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲ၌ လီဗာပူးအသင်းနှင့် ဆုံတွေ့ရဖွယ်ရှိကြောင်း ပြောကြားခဲ့သည်။**

7-3 (07) 1 3/7/08, 1:11 AM

အလုပ်ရုံဆွေးနွေး

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေး ပြည်နယ်နှင့်တိုင်း အမျိုးသမီးရေးရာအဖွဲ့များ၏ အသေးစားမတည်ရင်းနှီးငွေ (ယာယီချေးငွေ) လုပ်ငန်းဆောင်ရွက်မှု ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွင် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

ပြည်နယ်နှင့် တိုင်းအမျိုးသမီးရေးရာအဖွဲ့များ အသေးစားမတည်ရင်းနှီးငွေ (ယာယီချေးငွေ) လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

နေပြည်တော် မတ် ၆

ပြည်နယ်နှင့်တိုင်း အမျိုးသမီးရေးရာအဖွဲ့များ၏ အသေးစားမတည်ရင်းနှီးငွေ(ယာယီချေးငွေ) Micro- Credit Scheme လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၈နာရီခွဲတွင် နေပြည်တော်ရှိ မြို့တော်ခန်းမ၌ ကျင်းပသည်။

တက်ရောက်

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အသိပညာရှင်၊ အတတ်ပညာရှင်အဖွဲ့ဝင် ရန်ကုန်စီးပွားရေးတက္ကသိုလ် စီမံခန့်ခွဲမှုပညာဌာန ပါမောက္ခ ဒေါက်တာဒေါ်ခင်စန်းရီနှင့် ပြည်နယ်နှင့်တိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

သဘာပတိအဖွဲ့ဝင်

အလုပ်ရုံဆွေးနွေးပွဲတွင် သဘာပတိအဖြစ် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးရာဌာနကြီးမှူး ဒေါက်တာဒေါ်ညွန့်ညွန့်ဦးနှင့် ဘဏ္ဍာရေးရာဌာနကြီးမှူး ဒေါ်အေးအေးတို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ သဘာပတိ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ်နှင့်တိုင်း အသီးသီးတို့မှ မတည်ရင်းနှီးငွေ (ယာယီချေးငွေ) Micro-Credit Scheme လုပ်ငန်းဆောင်ရွက်ချက်များနှင့် တွေ့ကြုံရသော စိန်ခေါ်မှု (Challenges) နှစ်ခုစီတို့ကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် တက်ရောက်လာကြသူများက အုပ်စုလေးစုခွဲ၍ ညှိနှိုင်းသုံးသပ်ဆွေးနွေးကြပြီး နံနက်ပိုင်းအစီအစဉ်များကို ခေတ္တရပ်နားကြသည်။

ဆွေးနွေးတင်ပြ

ထို့နောက် မွန်းလွဲပိုင်းတွင် အလုပ်ရုံဆွေးနွေးပွဲကို ပြန်လည်ကျင်းပရာ အုပ်စုတစ်ခုချင်းစီ အုပ်စုခေါင်းဆောင်များက အုပ်စုလိုက် ဆက်လက်ဆောင်ရွက်မည့် ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် သဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားပြီး အလုပ်ရုံဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

(၄၇)ကြိမ်မြောက် ခုနစ်ရက်တရားစခန်းပွဲ

ရန်ကုန် မတ် ၆

ရန်ကုန်တိုင်း တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် ဝဏ္ဏသီဂီလမ်းနှင့် ပင်ရွှေညောင်လမ်းရှိ ဆပ်သွားဖူးကျောင်း မိုးကုတ်ဝိပဿနာဓမ္မရိပ်သာအဖွဲ့ခွဲ (၂၇၆)၌ မိုးကုတ်ဝိပဿနာ တရားစဉ်နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့ချုပ်ကြီး၏ နယ်လှည့်သာသနာပြု ဓမ္မကထိက ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ ခေမာစာရ(အောင်ခေမာဆရာတော်) အရှင်သူမြတ်က ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပာဒ် သစ္စာလေးပါး တရားတော်များကို မတ် ၁၁ ရက်မှ ၁၇ရက်အထိ ခုနစ်ရက်တရားစခန်း ဖွင့်လှစ်မည်ဖြစ်သည်။

ဆက်သွယ်

တရားစခန်းဝင်လိုသော ယောဂီများသည် မတ် ၉ရက် နောက်ဆုံးထား၍ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း– ၅၅၉၆၀၄ သို့ဖြစ်စေ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။ **(က–ပ)**

နွားထိုးကြီးမြို့နယ်မှ ဘွဲ့တံဆိပ်တော်ရဆရာတော်များအား ပူဇော်ဂုဏ်ပြုပွဲကျင်းပမည်

ရန်ကုန် မတ် ၆

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ချီးမြှင့်ခြင်းခံရသည့် နွားထိုးကြီးမြို့နယ်မှ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်ရ ဆရာတော်တစ်ပါးနှင့် မဟာသဒ္ဓမ္မ ဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော်နှစ်ပါးတို့အား ရန်ကုန်မြို့ရှိ နွားထိုးကြီးမြို့နယ်သူ မြို့နယ်သားများက စုပေါင်းပူဇော်ဂုဏ်ပြုပွဲကို မတ် ၂၂ရက် (စနေနေ့) ညနေ၄နာရီတွင် တာမွေမြို့နယ် နတ်ချောင်းရပ်ကွက်ရှိ မဟာသန္တိသုခကျောင်းတော်ကြီး၌ ကျင်းပမည်ဖြစ်၍ ကြွရောက်ပူဇော်ကြရန် နွားထိုးကြီးမြို့နယ်အသင်း(ရန်ကုန်)က ဖိတ်ကြားထားသည်။ **(သတင်းစဉ်)**

ယာဉ်မတော်တဆမှုလျော့နည်းပပျောက်ရေး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဟောပြော

ရန်ကုန် မတ် ၆

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ရန်ကုန်တိုင်းတောင်ပိုင်းခရိုင်ရုံး (သန်လျင်)မှ ခရိုင်ဦးစီးမှူး ဦးဆန်းယု (ဦးစီးအရာရှိ)သည် ဖေဖော်ဝါရီ ၂၃ရက်က ခရိုင်ရုံးသို့ "င"ယာဉ်မောင်းလိုင်စင်ရယူရန် လျှောက်ထားသူ ယာဉ်မောင်း ၂၈ဦးအား ယာဉ်မတော်တဆမှုလျော့နည်းပပျောက်ရေး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများအား ပညာပေးဟောပြောပို့ချခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

သင့်သွေးဖြင့် အသက်ကယ်ပါ

စမ်းချောင်းမင်းလမ်း ၁၀ ရက်တရားစခန်း ဖွင့်မည်

ရန်ကုန် မတ် ၆

ကျေးဇူးတော်ရှင် လယ်တီဆရာတော်ကြီး၏တပည့် အနာဂါမ်ဆရာသက်ကြီး၏ ကိုယ်တွေ့ဉာဏ်မြင် သမထဝိပဿနာအကျင့်မြတ် အလုပ်တရားတော်ကြီးကို ကမ္မဋ္ဌာန်းနည်းပြဆရာ ဦးကျော်နိုင်ထွန်းက မတ်၁၅ရက်မှ ၂၄ရက်အထိ စမ်းချောင်းမြို့နယ် မင်းလမ်း အမှတ် ၁၄ ဒုတိယလွှာတွင် မွန်းတည့် ၁၂နာရီမှ ညနေ၅နာရီအထိ နေ့စဉ်ဓမ္မဒါနပြုမည်ဖြစ်ရာ မည်သူမဆို လာရောက်အားထုတ်နိုင်ပြီး ဖုန်း–၅၁၉၀၉၆သို့ဆက်သွယ်နိုင်ကြောင်းသိရသည်။ **(က–ပ)**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အခြေခံဘောလုံးနှင့် ဖူဆယ်ဒိုင်လူကြီးသင်တန်း (၁/ ၂၀၀၈)ဆင်း

ရန်ကုန် မတ် ၆

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်၏ အခြေခံဘောလုံးနှင့် ဖူဆယ်ဒိုင်လူကြီး သင်တန်း(၁/ ၂၀၀၈) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၉နာရီက သဃ်န်းကျွန်းမြို့နယ်ရှိ Goal ဟိုတယ်တွင် ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ရှေးဦးစွာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အထွေထွေအတွင်းရေးမှူး ဦးတင်အောင်က သင်တန်း၌ပထမဆုရရှိသော ခင်မောင်ဝင်း (မွေး၊ရေ)၊ ဒုတိယဆုရ ဟိန်းဇော်ထက်နှင့် တတိယဆုရ သီဟကျော် (တပ်မတော်ဘောလုံးကော်မတီ)တို့အား ဆုများပေးအပ်ချီးမြှင့်ပြီး သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးတင်အောင်က သင်တန်းဆင်း အမှာစကားပြောကြားပြီး သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။ ယင်းနောက် ဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် သင်တန်းသား၊ သင်တန်းသူများ အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြသည်။ **(အောက်ပုံ)** **(မြန်မာ့အလင်း)**

နွေရာသီပညာဒါန သင်တန်းများဖွင့်လှစ်မည်

ရန်ကုန် မတ် ၆

ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် ဆ/ခ ရပ်ကွက် လေးထောင့်ကန်လမ်းမကြီး ဘဝမြင့်မှတ်တိုင်အနီးရှိ ရတနာသိဒ္ဓိ ပရိယတ္တိစာသင်တိုက်၌ ပဓာနဆရာတော် ဘဒ္ဒန္တရေဝတ ဦးစီးပြီး နွေရာသီပညာဒါနအဖြစ် အင်္ဂလိပ်၊ တရုတ်စကားနှင့် ဂျပန်ဘာသာ (ရေး၊ ဖတ်၊ ပြော) အထူးသင်တန်းများကို ကျွမ်းကျင်သော ဝါရင့်ပညာရှင်ကြီးများကိုယ်တိုင် စနစ်တကျဖြင့် မတ် ၈ရက်မှစ၍ သင်ကြားမည်ဖြစ်သည်။ ဆဋ္ဌမတန်းမှစ၍ ဘွဲ့ရ၊ ဘွဲ့ကြို၊ ဘွဲ့လွန်များအထိ တက်ရောက်သင်ကြားနိုင်ပြီး သင်တန်းကာလမှာ သုံးလဖြစ်သည်။ အသေးစိတ်သိလိုသည်များကို ရတနာသိဒ္ဓိပရိယတ္တိစာသင်တိုက် ဖုန်း–၅၆၀၇၄၃သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

(က–ပ)

နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီစည်းဝေး

နေပြည်တော် မတ် ၆

နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ (၈/၂၀၀၈)ကြိမ်မြောက် အစည်းအဝေးကို ဖေဖော်ဝါရီ ၂၉ ရက် ညနေ ၄ နာရီက နေပြည်တော်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ကျင်းပရာ ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ နာယက နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းခြင်းလုပ်ငန်းများကို ပိုမိုဂရုပြုဆောင်ရွက်သွားကြရေး၊ ယာဉ်လိုင်းများအနေဖြင့် ခရီးစဉ်အလိုက် သတ်မှတ်ချိန်အတွင်း ရောက်ရှိထွက်ခွာခြင်းဖြင့် ခရီးသည်များအတွက် ဝန်ဆောင်မှုတစ်ရပ်အဖြစ် ဆောင်ရွက်နိုင်ရေး အကျယ်တဝင့် ရှင်းလင်းမှာကြားသည်။

ယင်းနောက် ယခင်အပတ် အစည်းအဝေးမှတ်တမ်းကို ဖတ်ကြားတင်ပြပြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း စစ်ဆေးဆောင်ရွက်မှုအခြေအနေများ၊ ယာဉ်တိုက်မှု အခြေအနေများနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေး အရှိန်အဟုန်မြှင့် ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ညှိနှိုင်းဖြည့်ဆည်း

ထို့နောက် ကော်မတီ၊ ဆပ်ကော်မတီအလိုက် ယာဉ်စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်း ဆောင်ရွက်မှုများကို တင်ပြကြရာ တိုင်းမှူးက လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

● *ကျော့ဖုံးမှ*

မှာကြား

တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်နှင့် ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်တို့သည် မတ် ၂ ရက် နံနက်ပိုင်းတွင် လားရှိုးမြို့ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ခရိုင်နှင့် မြို့နယ်အသင်း အလုပ်အမှုဆောင်များအား တွေ့ဆုံ၍ အသင်းကြီး၏ စည်းရုံးရေးဆိုင်ရာများကို မှာကြားကြသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးတိုးချဲ့တည်ဆောက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လားရှိုးမြို့ရှိ 66/33/11 KV (20 MVA) ဓာတ်အားခွဲရုံ တည်ဆောက်မှုနှင့် Switch Yard တွင် Transformer များ တည်ဆောက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားသည်။

တည်ဆောက်မှု

ထို့နောက် ဝန်ကြီးသည် ကျောက်မဲမြို့နယ် စခန်းသာရွာအနီးရှိ ရွှေလီ-မန်စံ-ရွှေစာရံ မဟာဓာတ်အားလိုင်း တည်ဆောက်ရေးစီမံကိန်းနှင့် ပြင်ဦးလွင်၊ မန္တလေးကားလမ်း မိုင်တိုင်အမှတ်(၁၉)နေရာ၌ တာဝါတိုင်အမှတ်(၆၀၉)တည်ဆောက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

■ *ကျော့ဖုံးမှ*

ထို့နောက် တိုင်းမှူးသည် ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန၊ မြို့ကွင်းလျှပ်စစ်မြစ်ရေတင်စီမံကိန်းသို့ ရောက်ရှိပြီး မြို့ကွင်းကျေးရွာအုပ်စု ကွင်းအမှတ်(၁၂၈၉)၊ဦးပိုင်အမှတ်(၁၅၉/၂) တောင်သူ ဦးလှသိန်း၏ စပါး၊ ပဲ၊ စပါး တတိယသီးနှံ နွေစပါး ရွှေမြန်မာ သုံးဧက မြေပြုပြင်ထွန်ယက်စိုက်ပျိုးနေမှုနှင့် စပါးခွဲဓာတ်ငွေ့အင်ဂျင်ဖြင့် ရေတင်လုပ်ငန်း ဆောင်ရွက်နေမှု၊ ရေတင်စခန်းအမှတ်(၁)တွင် ရေတင်နေမှုများအား ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ မြို့ကွင်းလျှပ်စစ် မြစ်ရေတင်စီမံကိန်းသည် ဟသ်ာတမြို့နယ် မြို့ကွင်းကျေးရွာအနီး၌ တည်ရှိပြီး ငဝန်မြစ်မှ ရေကို ရေပေါ်ရေတင်စနစ်ဖြင့် ပင်မရေတင်အဆင့်၌ (၃၀)ကျူ့ဆက် ပန့်ခြောက်စုံဖြင့် ဧက ၆၀၀၀၊ ဒုတိယအဆင့်တွင် (၉) ကျူ့ဆက် ပန့်လေးစုံဖြင့် ဧက ၃၀၀၀ တို့ကို အကျိုးပြုမည်ဖြစ်ပြီး ၂၀၀၇-၂၀၀၈ ခုနှစ်တွင် စပါး၊ ပဲ၊ စပါးဧက ၁၅၀၀ စိုက်ပျိုးမှုတွင် ပထမစပါးစိုက်ပျိုးမှု၌ ပျမ်းမျှ တစ်ဧက ၈၆ ဒသမ ၉၂ တင်း၊ ဒုတိယရေဆင်း(၂) မတ်ပဲစိုက်ပျိုးမှုတွင် တစ်ဧက ၁၆ ဒသမ ၄၄ တင်းထွက်ရှိကြောင်း သိရသည်။

မှာကြား

ယင်းနောက် တိုင်းမှူးသည် ဟသ်ာတမြို့နယ် ပြာသာကျေးရွာအုပ်စု ငဝန်တာ မိုင် ၁၅/၄နှင့် ၁၅/၅ တာကျိုးပေါက်မှုကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားသည်။

ဆည်မြောင်းဦးစီးဌာနမှ ဟသ်ာတခရိုင်တွင် ဧရာဝတီမြစ်ကြခင်းမြို့မှ ဇလွန်မြို့အထိ တာမိုင်အရှည် ၁၀၂ မိုင်နှင့် ငဝန်မြစ် ဒါးကတာသို့ တာမိုင်အမှတ်(၂/၀)မှ လေးမျက်နှာမြို့ တာမိုင် (၁၉/၁)အထိ လယ်ယာမြေများ ရေကြီးနစ်မြုပ်မှုမှ ကာကွယ်ထားရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

မတ် ၄ ရက်က ဗဟန်း အမက (၂၂)၏ ၂၀၀၆-၂၀၀၇ ပညာသင်နှစ် ပညာရည်ချွန်ဆုနှင့် ဘက်စုံထူးချွန်ဆု ချီးမြှင့်ပွဲတွင် လက်ထောက် မြို့နယ်ပညာရေးမှူး ဦးမင်းနိုင်က သူငယ်တန်းမှ စတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက် ပထမဆုရ မောင်ဇော်ဌေးအောင်အား ဆုချီးမြှင့်စဉ်။ (က-ပ)

ဘိုကလေးမြို့နယ် ဘုရားချောင်းကျေးရွာ သီတဂူဓမ္မသဘင်

နေပြည်တော် မတ် ၆

စစ်ကိုင်းတောင်ရိုး သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၏ အဓိပတိ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ (D. Litt, Ph.D)သည် မတ် ၁၃ရက် (၁၃၆၉ ခုနှစ် တပေါင်းလဆန်း ၇ ရက်) ကြာသပတေးနေ့ နံနက် ၈နာရီတွင် ဧရာဝတီတိုင်း ဘိုကလေးမြို့နယ် ဘုရားချောင်းကျေးရွာ ဒေါ်တင်မြ (၁)လမ်း ဒေါ်တင်မြတံတားအနီး ဒေါ်တင်မြဆေးခန်း တိုးချဲ့ဆောက်လုပ်မည့် မြေကွက်လပ်၌ သီတဂူဓမ္မသဘင် (အထူးတရားပွဲ) ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

နှစ်ကျိပ်ရှစ်ဆူစေတီတော်မြတ်ကြီး ရွှေထီးတော်တင်မင်္ဂလာကျင်းပမည်

ရန်ကုန် မတ် ၆

ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ်လှော်ကားဥယျာဉ်လမ်း လှော်ကားတောရကျောင်းတိုက်ကြီးအနီး တည်ထားသည့် နှစ်ကျိပ်ရှစ်ဆူစေတီတော်မြတ်ကြီးနှင့် သိကြားမင်း စမဘွဲ့ရစေတီ နှစ်ကျိပ်ရှစ်ဆူ ပုံတူစေတီများကို ၂၀၀၅ ခုနှစ် မတ် ၃၀ ရက်မှစတင်၍ တည်ဆောက်ပြီး ရွှေထီးတော်တင်မင်္ဂလာအခမ်းအနားနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မင်္ဂလာအခမ်းအနားကို (၁၃၇၀ ပြည့်နှစ် တန်ခူးလပြည့်) တနင်္ဂနွေနေ့ ၂၀၀၈ ခုနှစ် ဧပြီ ၂၀ ရက် နံနက် ၁၀ နာရီ၃၃ မိနစ် တွင် အဆိုပါ နှစ်ကျိပ်ရှစ်ဆူစေတီတော်မြတ်ကြီးတည်ရှိရာ နှစ်ကျိပ်ရှစ်ဆူရိပ်သာကျောင်းတိုက်ကြီးတွင် စည်ကားသိုက်မြိုက်စွာကျင်းပမည် ဖြစ်သည်။ ရွှေထီးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့တွင် စီခြယ်ပူဇော်နိုင်ရန် ရတနာပစ္စည်းများနှင့် နဝရတ်ကိုးပါး စသည့် အလှူပစ္စည်းများ ပါဝင်လှူဒါန်းလိုသူများသည် သြဝါဒါစရိယဆရာတော်ကြီး ခန္တီးဆရာတော် အရှင်ဂန္ဓသာရ သဒ္ဓါဝိမုတ္တကျောင်းတိုက် (၁၀)တောင်ရပ်ကွက် သာကေတမြို့နယ်နှင့် နှစ်ကျိပ်ရှစ်ဆူကျောင်းတိုက် လှော်ကား ဖုန်း-၅၄၂၆၃၁၊ ၆၀၀၄၀၉နှင့် ၀၉-၅၀-၄၅၆၀၈၊ ဗိုလ်မှူးကြီးကြည်ထွန်း(ငြိမ်း) နာယက ဖုန်း-၅၇၀၈၈၂၊ ဦးအောင်ကြည် နာယက ဖုန်း-၅၅၈၄၀၆၊ ၅၄၅၈၁၈၊ ဗိုလ်မှူးချုပ် ဇော်ကြိုက်သည်(ငြိမ်း) နာယက ဖုန်း-၂၉၂၂၈၂၊ ၆၆၃၀၃၁၊ ဦးကျော်သန်း ဥက္ကဋ္ဌ ဖုန်း-၆၅၃၂၁၈၊ ဦးစိန်းနိုင် အတွင်းရေးမှူး ဖုန်း-၂၉၄၆၈၆၊ ၀၉-၅၀-၅၁၄၄၉နှင့် ဦးအောင်မြင့် ဘဏ္ဍာရေးမှူး ဖုန်း-၅၃၇၁၅၁၊ ၀၉-၅၀-၁၃၀၉၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ **(အပေါ်ပုံ)** **(က-ပ)**

မရမ်းကုန်းမြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ နှစ်ပတ်လည်လုပ်ငန်းဆိုင်ရာစည်းဝေး

ရန်ကုန် မတ် ၆

မရမ်းကုန်းမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့၏ ၂၀၀၇-၂၀၀၈ ခုနှစ် နှစ်ပတ်လည်လုပ်ငန်းဆိုင်ရာ အစည်းအဝေးကို ဖေဖော်ဝါရီ ၂၆ ရက် မွန်းလွဲ ၁ နာရီက ရှစ်မိုင်လမ်းဆုံ ခရစ်ယာန်ညီအစ်ကိုများအသင်းခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့(ဗဟို) အမှုဆောင် ဦးခင်မောင်ထွန်း (လမ်းမတော် ခင်မောင်ထွန်း)နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်အုန်းတို့က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စိုး(မောင်ကျေးစူး)နှင့် ဒုတိယဥက္ကဋ္ဌ (ဦးခင်ဇော် မရမ်းကုန်း)တို့က အစည်းအဝေးပွဲကျင်းပခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ စာရေးဆရာ မောင်ဆုရှင်က စာကြည့်တိုက်အကြောင်း သိကောင်းစရာများ ဟောပြောပြီးနောက် မြန်မာစာဂုဏ်ထူးရှင်များအား ဆုချီးမြှင့်ပြီး သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ကြသည်။ ထို့နောက် အမှုဆောင် အစီရင်ခံစာနှင့် ဘဏ္ဍာရေးအစီရင်ခံစာကို ဖတ်ကြားအတည်ပြုကြကြောင်း သိရသည်။ **(၁၁၁)**

တောင်ငူမြို့နယ်အသင်း နှစ်ပတ်လည်အစည်းအဝေး

ရန်ကုန် မတ် ၆

တောင်ငူမြို့နယ်အသင်း (အုတ်တွင်း၊ ထန်းတပင် အပါအဝင်)၏ တောင်ငူမြို့နယ်မှ ဘွဲ့ခံဆရာတော်နှစ်ပါး၊ အုတ်တွင်းမြို့နယ်မှ ဘွဲ့ခံဆရာတော်သုံးပါး ပူဇော်ပွဲ၊ သက်ကြီးပူဇော်ပွဲနှင့် နှစ်ပတ်လည်အစည်းအဝေးပွဲကို မတ် ၂၃ ရက်(တနင်္ဂနွေနေ့)နံနက် ၈ နာရီတွင် ဗဟန်း ၂ လမ်းရှိ ရေနံ့နေချုပ်ရုံး ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များနှင့် နယ်သူ၊ နယ်သားအားလုံး တက်ရောက်ကြရန်နှင့် သက်န်းနှင့် လှူဖွယ်ပစ္စည်းများကို ဥက္ကဋ္ဌ ဦးထွန်းထွန်း(ဘုရင့်နောင်သက်န်းတိုက်) ဖုန်း-၅၄၃၉၅၈၊ ၀၉-၅၀၀၁၉၀၃၊ အတွင်းရေးမှူး ဦးတင်လှ ဖုန်း-၇၂၂၇၈၅ နှင့် ဘဏ္ဍာရေးမှူး ဒေါ်မြင့်မြင့်စန်း ဖုန်း-၅၁၉၅၁၉၊ ၀၉-၅၁၂၅၄၄၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

သာသနိကအဆောက်အအုံများ ရေစက်ချမင်္ဂလာပွဲ

ရန်ကုန် မတ် ၆

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် လက်ပံတန်းစုကျေးရွာ ကြည်အေးကျောင်းတိုက် မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာကြီးအတွင်း၌ ဆောက်လုပ်ပြီးစီးလျက်ရှိသော သိမ်၊ ကျောင်း၊ ဆွမ်းစားကျောင်း၊ ယောဂီဆောင်များနှင့် မုခ်ဦးအပါအဝင် သာသနိကအဆောက်အအုံများကို မတ် ၁၅ ရက်မှ ၂၁ ရက်အထိ စတုဒိသာ ကျွေးမွေး၍ တပေါင်းလပြည့် မတ် ၂၁ ရက်(သောကြာနေ့)တွင် ရေစက်ချမင်္ဂလာ အခမ်းအနားကျင်းပမည်ဖြစ်ရာ အလှူရှင်ဒါယကာ၊ ဒါယိကာမအားလုံး ကြွရောက်ကြည်ညို ကုသိုလ်သဒ္ဓါပွားများကြပါရန်နှင့် ဖုန်း-၀၉-၅၀-၁၁၅၁၄၊ ၀၉-၅၁-၀၅၀၅၉ နှင့် ၇၀၅၇၈၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

မီးဘေးကြိုတင်ကာကွယ်ရေးပညာပေးဟောပြော

ရန်ကုန် မတ် ၆

မီးသတ်ဦးစီးဌာနရုံးချုပ်က ဦးစီး၍ ရုံးဌာနများ မီးဘေးကြိုတင်ကာကွယ်ရေးနှင့် သဘာဝဘေးအန္တရာယ်များအကြောင်း ပညာပေးဟောပြောပွဲကို မတ် ၄ ရက်က ရန်ကုန်မြို့ ဗဟန်းမြို့နယ် အမှတ်(၈) ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ ယခင် ပန်းချီပန်းပုကျောင်းဝင်းအတွင်းရှိ အနုပညာ ကွန်ပျူတာဒီပလိုမာ သင်တန်းခန်းမ၌ ကျင်းပရာ မီးသတ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသင်းဌေးရွှေက Forever Group Co.,Ltd မှ ကုမ္ပဏီဝန်ထမ်းများအား ရုံးဌာနများ မီးဘေးကြိုတင်ကာကွယ်ရေးနှင့် မီးလောင်မှု ဖြစ်ပွားတတ်သော အကြောင်းအရာများကို ရှင်းလင်းဆွေးနွေးပြီး၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်မင်းက မီးခိုးအန္တရာယ်ကြောင့် အသက်ဆုံးရှုံးမှု မရှိစေရေး၊ သဘာဝဘေးအန္တရာယ်အမျိုးမျိုး ကာကွယ်ရေးနှင့် ဆောင်ရွက်ရမည့် အချက်များကို ရှင်းလင်းဆွေးနွေးသည်။

သရုပ်ပြ

ထို့နောက် မီးလောင်မှုဖြစ်ပွားပါက မီးသတ်ဆေးဘူးဖြင့် ငြိမ်းသတ်နိုင်ရေးအတွက် လက်တွေ့ ရှင်းလင်းသရုပ်ပြသခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ) (သတင်းစဉ်)**

Epson System Integrator အလုပ်ရုံဆွေးနွေးပွဲကျင်းပ

ရန်ကုန် မတ် ၆

Client Focus Technology Group Co.,Ltd.ကစီစဉ်ကျင်းပသည့် Epson System Integrator အလုပ်ရုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၉ ရက် နံနက် ၉ နာရီခွဲတွင် ရန်ကုန်တိုင်း ဒဂုံမြို့နယ် အလံပြဘုရားလမ်းရှိ Park Royal Hotel meeting Room ၌ကျင်းပရာ မြန်မာနိုင်ငံရှိ Shopping Centre များအတွက် Software ပိုင်း တာဝန်ယူထားသော Software Company များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ **(ယာပုံ)**

နှုတ်ခွန်းဆက်

ရှေးဦးစွာ Client Focus Technology Group Co.,Ltd. မှ မန်နေဂျင်း ဒါရိုက်တာ Mr.Francis An Seng Huat က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဆွေးနွေး

ယင်းနောက် Epson Thailand ၏ Presales Department မှ တာဝန်ခံ Mr.Singha က Shopping Centre သုံး Software များနှင့် Epson Receipt Printer များ ဆက်စပ်အသုံးပြုမှုဆိုင်ရာ နည်းပညာများကို ဆွေးနွေးတင်ပြရာ မြန်မာနိုင်ငံရှိ Software Company များမှ Programer များက POS System ပိုင်းဆိုင်ရာများကို ပါဝင်ဆွေးနွေးကြသည်။

Epson Receipt Printer များကို မြန်မာနိုင်ငံ၏ တစ်ဦးတည်းသော ကိုယ်စားလှယ်အဖြစ် Client Focus Technology Group Co., Ltd. က တင်သွင်းဖြန့်ချိလျက်ရှိပြီး ဝယ်ယူအားပေးသူများအတွက် ပြုပြင်ထိန်းသိမ်းမှုများကိုလည်း တာဝန်ယူဆောင်ရွက်ပေးလျက်ရှိသည်။

ဆက်သွယ်စုံစမ်း

Epson Product များနှင့် စပ်လျဉ်း၍ သိရှိလိုပါက ရန်ကုန်တိုင်း ကျောက်တံတားမြို့နယ် ဆိပ်ကမ်းသာလမ်း အမှတ် ၁၃၀ရှိ Epson အရောင်းပြခန်း ဖုန်း-၂၄၉၃၄၄၊ ၂၄၉၃၄၅၊ ၂၄၉၃၆၄၊ ၃၇၄၁၁၀ နှင့် ၃၉၁၄၀၉ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်သည်။ **(သတင်းစဉ်)**

ရုပ်ရှင်သရုပ်ဆောင်သင်တန်းဖွင့်မည်

ရန်ကုန် မတ် ၆

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ ရုပ်ရှင်နှင့်ပတ်သက်သော သင်တန်းများဖွင့်လှစ်ရန် စီစဉ်ခဲ့ရာ ပထမဦးဆုံးအနေဖြင့် ရုပ်ရှင်သရုပ်ဆောင်သင်တန်းကို မတ် ၂၄ ရက်မှ စတင်ဖွင့်လှစ်မည်ဖြစ်ပြီး အသက် ၁၆ နှစ်မှ ၂၅ နှစ်အတွင်း ကန့်သတ်လက်ခံမည်ဖြစ်သည်။ အခြားသင်တန်းများကိုလည်း စဉ်ဆက်မပြတ် ဖွင့်မည်ဖြစ်ကြောင်းနှင့် အသေးစိတ်သိလိုပါက မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး အမှတ် ၁၆ ဝက်ပါလမ်း ဗဟန်းမြို့နယ် ဖုန်း-၅၄၄၂၇၀၊ ၅၄၄၂၇၁ တို့သို့ စုံစမ်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

ကြိုတင်ကာကွယ်တားဆီး အန္တရာယ်မီး

ကြားလေသွေးလို့ အဝေးမခံသင့်ပါ

ကျော်မင်းအေး

မြန်မာ့နိုင်ငံရေးခရီးလမ်းမှာ ပါဝင်လျှောက်လှမ်းလာခဲ့ရတာ နှစ်ပေါင်း ၅၀ကျော် ဖဝါးပါးရှိခဲ့ပါပြီ။ ကိုလိုနီနယ်ချဲ့စနစ်ဆိုးနဲ့ ဖက်ဆစ်ဓားမိုးတာခံခဲ့ရတဲ့ ကာလတွေကို ကိုယ်တိုင် နဖူးတွေ့ဒူးတွေ့ မကြုံခဲ့ရပေမယ့် အဲဒီ ဒဏ်ရာဒဏ်ချက်တွေကြောင့် တိုင်းပြည်ဟာ ပြာပုံထဲက ရုန်းထခဲ့ရတယ်။ နယ်ချဲ့ပယောဂနဲ့ပြည်ပအားကိုးတဲ့ ဝါဒရေးရာ၊ လူမျိုးရေးရာ အစွန်းရောက်သမားတွေရဲ့ လက်နက်ကိုင် သောင်းကျန်းမှုလမ်းစဉ်ကြောင့် တိုင်းပြည်ကနုနု မုန်တိုင်းကထန်ထန် ဖြစ်ခဲ့ရပြန်တယ်။

စစ်မီးတောက် မီးလျှံတွေကြားက နာလန်မထူနိုင်တဲ့ ပြည်သူလူထုရဲ့ ဘဝခရီးကြမ်းမှာ စတင်ဖြတ်သန်းရင်း လူလားမြောက်ခဲ့ရတယ်။ ပါလီမန် ဒီမိုကရေစီခေတ်ရဲ့ မဲဆွယ်၊မဲဝယ်မှုတွေကို ကလေးဘဝမှာ စတင်ကြုံတွေ့ခဲ့ရတယ်။ ကျောင်းနေဖက်သူငယ်ချင်းတွေနဲ့အတူ လက်ဝဲ စာအုပ်စာပေတွေကို မြည်းစမ်းခဲ့ဖူးတယ်။ တချို့လည်း အယူအဆ လွဲမှားပြီး ဘဝပျက်ခဲ့ကြတာ တွေ့ရတယ်။

၁၉၆၂ခုနှစ်မှာ တပ်မတော်က တော်လှန်ရေးကောင်စီဖွဲ့စည်းပြီး နိုင်ငံတော်အာဏာကို ထိန်းသိမ်းလိုက်ကြောင်း ကြားသိရတယ်။ ပုပ္ပား၊ ဒူးယား၊ ခပေါင်း၊ အုန်းတော စတဲ့ တောင်သူလယ်သမားကြီးတွေနဲ့ ဒူးတိုက်ဆွေးနွေးပွဲမြင်ကွင်းသတင်းတွေကို ရှေ့သို့စာစောင်မှာ ဖတ်ရတော့ ဝမ်းသာအားရ ဖြစ်ခဲ့ဖူးတယ်။ ငြိမ်းချမ်းရေးဆွေးနွေးပွဲမအောင်မြင်လို့ တောတွင်းကို ပြန်ဝင်သွားတဲ့ ဗမာပြည်ကွန်မြူနစ်ပါတီ(ဗကပ) ဗဟို ကော်မတီဝင်တွေရဲ့ နောက်ကျောကနေ ရိုက်ထားတဲ့ဓာတ်ပုံကို ရှေ့သို့ စာစောင်မျက်နှာဖုံးမှာ တွေ့မြင်ရချိန်မှာ ဘာမှန်းမသိဘဲ ရင်ထဲမှာ နာကျင်ခဲ့ရတယ်။

စစ်အေးတိုက်ပွဲကာလရဲ့ စင်တိုး၊ ဆီးတိုး၊ နေတိုး၊ ဝါဆော စစ်အုပ်စုဆိုတဲ့ ဝေါဟာရတွေ၊ သတင်းတွေကိုလည်း တစ်စွန်းတစ်စ သိလာရတယ်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်မှာ လူဖြစ်ခဲ့ ရတယ်ဆိုပါတော့။ အခါသင့် အခွင့်သာလို့ စာပေလေ့လာဖတ်ရှုမှု ဝါသနာထုံခဲ့တယ်။ သူ့ကျွန်မခံပြီ၊ မြန်မာပြည်သား၊ စစ်အတွင်းခရီးသည်၊ အရှေ့ကနေဝန်းထွက်သည့်ပမာ၊ ဘုံဘဝမှာဖြင့် စတဲ့စာအုပ်တွေ၊ သမိုင်း မှတ်တမ်းတွေထဲကနေ မိမိမမွေးဖွားခင်က မြန်မာပြည်သူတွေရဲ့ ဘဝကို တစ်စွန်းတစ်စ သိလာရတယ်။ တိုင်းပြည်ကို ချစ်တဲ့စိတ်တွေ၊ လူမျိုးကို တိုးတက်စေချင်တဲ့စိတ်တွေ ဖြစ်ပေါ်လာခဲ့တယ်။

သခင်သန်းထွန်း၏ နောက်ဆုံးနေ့များနဲ့၊ ဇင်ချစ်နောက်ဆုံးနှစ် စာအုပ်တွေကြောင့် ဗကပရဲ့ ဖြုတ်ထုတ်သတ်လမ်းစဉ်ကို အော့နှလုံး နာခဲ့တယ်။ ပြည်သူ့စစ် ဒို့စစ် ဒို့စစ် စာအုပ်ကိုဖတ်ရပြီး ပြည်တွင်း အားဟာ ပြည်တွင်းမှာသာရှိကြောင်းသိလာရတယ်။ အားတက်ခဲ့ရတယ်။

ကွမ်လုံရက်လေးဆယ်တိုက်ပွဲ၊ ပွိုင့် ဖ၀၄၁တိုက်ပွဲ သတင်းတွေ ကြားရပြန်တော့ မခံချင်စိတ်တွေ ပေါ်ပေါက်လာခဲ့တယ်။ ဒီလိုနဲ့ တပ်မတော်သားဘဝကို မြတ်နိုးအားကျခဲ့တယ်။ ဝန်ထမ်းဖြစ်လာချိန်မှာ ပြည်သူကို အလုပ်အကျွေးပြုရမယ်၊ ပြည်သူလူထုအပေါ် ရေလိုလလို ကျင့်ရမယ်ဆိုတဲ့ သွန်သင်ညွှန်ပြမှုတွေကို မြေဝယ်မကျ လိုက်နာကျင့်သုံး ခဲ့တယ်။ တောင်ပေါ်မြေပြန့် ခြေဆန့်ခဲ့ရတာမို့ ဒေသခံတိုင်းရင်းသား တွေရဲ့ဘဝကို နားလည်စာနာခဲ့ရတယ်။ သူတို့ရဲ့ရိုးသားဖြူစင်မှုကို တန်ဖိုး ထားခဲ့တယ်။ တိုက်ရင်းစည်းရုံး၊ စည်းရုံးရင်းတိုက်ဆိုတဲ့ ဆောင်ပုဒ်ရဲ့ အနက်အဓိပ္ပာယ်ကို ကျယ်ကျယ်ပြန့်ပြန့် သဘောပေါက်ခဲ့တယ်။

နိုင်ငံတကာရေးရာတွေ၊ နိုင်ငံရေးသိပ္ပံတွေ၊ စစ်မှုရေးရာတွေ လေ့လာ ဖတ်ရှုခဲ့ဖူးတယ်။ ကမ္ဘာစစ်ပွဲကြီးတွေ၊ ဒေသဆိုင်ရာစစ်ပွဲတွေကို အကဲဖြတ် သုံးသပ်ကြည့်ဖူးတယ်။ တကယ်တော့ နိုင်ငံတိုင်းဟာ ကိုယ့်နိုင်ငံကိုယ့်လူ မျိုးရဲ့ အကျိုးစီးပွားကိုသာ ရှေ့တန်းတင်နေကြတာပါလားလို့ သိလာခဲ့ ရတယ်။ အယူဝါဒရေးရာကွဲပြားမှုတွေကြောင့် ကိုယ့်လူမျိုးအချင်းချင်း တိုက်ခိုက်နေရတာတွေကို သိမြင်လာရတယ်။ ဒါပေမယ့် တစ်ဖက်က စစ်ရေးနည်းလမ်းကျင့်သုံးလာတာကို ခေါင်းငုံ့ခံနေလို့မရနိုင်ဘူး။ စစ်ရေး ကို စစ်ရေးနည်းနဲ့ ဖြေရှင်းနိုင်မှ အမိမြေကို ကာကွယ်နိုင်မယ်ဆိုတဲ့ အယူအဆဟာ ပိုပြီးခိုင်မာလာတယ်။ နိုင်ငံတော်ကာကွယ်ရေးရဲ့ သဘောကို စောကြောသိမြင်လာခဲ့တယ်။

CIA ရဲ့ ကြိုးကိုင်မှုနဲ့ မြန်မာ့မြေပေါ်ကို ကျူးကျော်ဝင်ရောက် လာတဲ့ ကူမင်တန်တပ်တွေရဲ့ခြေလှမ်းဟာ ဘယ်လောက်ထိ အလှမ်း ကျယ်ခဲ့သလဲဆိုတာ ပြန်လည်သုံးသပ်မိတယ်။ တရုတ်ဖြူ ကူမင်တန်၊ ရွှေတြိဂံနယ်မြေနဲ့ ဘိန်းဖြူသံသရာ စာအုပ်ကြောင့် မူးယစ်ဆေးဝါး ပြဿနာရဲ့ တရားခံကို သိခဲ့ရတယ်။ မြန်မာနိုင်ငံရဲ့ ပထဝီနိုင်ငံရေး အရေးကြီးပုံကို ပိုပြီးသုံးသပ်ဆင်ခြင်နိုင်ခဲ့တယ်။

၁၉၈၈ခုနှစ် အရေးအခင်းရဲ့ အနိဋ္ဌာရုံတွေကို တစ်စွန်းတစ်စသာ ကြုံခဲ့ပေမယ့် သမိုင်းရေစီးလှိုင်းကြီးလေထန် ဖြစ်ရပ်မှန်မှတ်တမ်းတွေက တစ်ဆင့် စိတ်မချမ်းမသာ ဖြစ်ခဲ့ရတယ်။ တပ်မတော်က အချိန်မီ ဝင်မထိန်းရင် စစ်မီးမငြိမ်း မြက်ခင်းမစိမ်းနိုင်သည့်မြေ ဖြစ်ရတော့မှာ ပါလားလို့ ပြန်တွေးပြီး စိုးရိမ်ပူပန်မိခဲ့သည်။ အရေးအခင်းကာလမှာ အမေရိကန်ရေတပ် စစ်သင်္ဘောအုပ်စုတစ်စု မြန်မာ့ရေပိုင်နက်ထဲကို မဆီမဆိုင် ဝင်ရောက်ခဲ့တယ်ဆိုတာ ကြားသိရတော့ ဒေါသဖြစ်ခဲ့တယ်။

ပါပီမရုပ်ရှင်ကို ကြည့်ရပြန်တော့ မိသားစုစိတ်ဓာတ်နဲ့ ကြေကွဲခဲ့ရ တယ်။ လက်ဝဲလက်ယာ အဖျက်သမားတွေရဲ့ သွေးထိုးလှုံ့ဆော်မှု ကြောင့် နယ်စပ်ကိုရောက်သွားတဲ့ ကျောင်းသား ကျောင်းသူတွေ တပ်မတော်ရဲ့ ဖိတ်ခေါ်မှုကြောင့် အမိမြေရင်ခွင်ကို ပြန်လည်ဝင်ရောက် လာကြတော့ ဝမ်းသာအားရ ဖြစ်ရပြန်တယ်။ လေယာဉ်ပေါ်ကအဆင်း မိဘဆွေမျိုးတွေနဲ့ အတွေ့မှာ ရှိုက်ကြီးတငင် ငိုယိုနေကြပုံတွေဟာ ဝမ်းနည်းဝမ်းသာ လွမ်းစရာ မြင်ကွင်းတွေပါ။

နာစရာရှိရင် လွမ်းစရာနဲ့ဖြေရမယ်တဲ့ သွေးကစကားပြောလာလို့ တရားဥပဒေ ဘောင်အတွင်းကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေ ဝင်ရောက်လာတဲ့ သတင်းနဲ့မြင်ကွင်းတွေဟာ အားလုံးလွမ်းစရာတွေပါပဲ။ နယ်စပ်ဒေသတွေမှာ သေနတ်သံ၊ ဗုံးသံတွေ၊ အော်ဟစ်ငိုကြွေးသံတွေ တဖြည်းဖြည်း ပပျောက်ကင်းစင်လာတယ်။ ခေါင်းလောင်းသံနဲ့ စာအံသံ တွေကြားလာရတယ်။ စိတ်ချမ်းမြေ့စရာတွေပါပဲ။

အရင်က ရေတစ်တန်၊ ကုန်းတစ်တန် သွားရတဲ့ လမ်းခရီးတွေမှာ တံတားကြီးတွေ အစီအရီပေါ်ပေါက်လာခဲ့တယ်။ ဆန်ရေစပါးပေါ များလာတယ်။ အထပ်မြင့်တိုက်ကြီးတာကြီးတွေ တည်ဆောက်လာ ကြတယ်။ သွားရေးလာရေး အရင်ကထက်ပိုပြီး အဆင်ပြေလာတယ်။ ရောင်းဝယ်ဖောက်ကားမှုတွေ ပိုမိုများပြားလာတယ်။ လူနေမှုစနစ်တွေ ပိုမိုထွေပြား ကျယ်ပြန့်လာတယ်။ ဆရာသော်တာဆွေက သူ့ကိုယ်တွေ့ ဘဝနဲ့ ယှဉ်ပြီး ကျေးလက်တောရွာကနေ မြို့ကြီးပြကြီး ရောက်လာတော့ လူနေမှုဘဝဟာ အရင် ကျဉ်းကျဉ်းလေးရှိရာကနေ ပိုပြီးကျယ်ပြန့်လာ တယ်။ ပိုပြီးကျယ်ပြန့်လာလေလေ အနေကျဉ်းမြောင်းလာလေလေဆိုတဲ့ သဘောကို ဝတ္ထုတစ်ပုဒ်မှာ ရေးသားဖော်ပြခဲ့ဖူးတယ်။

နိုင်ငံရပ်ခြားကို ရောက်ဖူးသူတွေက သူတို့ရဲ့ တွေ့ကြုံသမျှကို ရေးပြလေ့ရှိကြတယ်။ ဈေးကွက်စီးပွားရေးစနစ်ကို မြန်မာနိုင်ငံထက် နှစ်ပေါင်း ၂၀ကျော် ၃၀စောပြီး ကျင့်သုံးနိုင်ခဲ့ကြလို့ ခေတ်မီဖွံ့ဖြိုး တိုးတက်နေကြပုံတွေ၊ မြို့ကြီးပြကြီးတွေ ဖွံ့ဖြိုးလာတာနဲ့အမျှ အဲ့ဒီနိုင်ငံ သားတွေရဲ့ဘဝဟာ စားသုတ်သုတ်၊ သွားသုတ်သုတ် အားထုတ် အလုပ်လုပ်နေရပုံတွေကိုလည်း ဖတ်ရှုသိလာရတယ်။ ဒီမိုကရေစီစနစ် ကျင့်သုံးမှုနဲ့အတူ ကိုယ်စီကိုယ်ငံ စည်းကမ်းလိုက်နာကြတာတွေကိုလည်း သဘောပေါက်ခဲ့တယ်။ ဒါဟာ ဖူးရာမှငုံ၊ ငုံရာမှပွင့် အဆင့်ဆင့်ဖြစ်ပေါ် ပြောင်းလဲလာတဲ့ သာဓကတွေပဲလို့ သိမြင်လာရတယ်။ မြန်မာနိုင်ငံမှာ လည်း ဆင့်ကဲဖြစ်ပေါ် ပြောင်းလဲတိုးတက်လာမှုအရ အဲဒီအဆင့်တွေကို ရောက်ရမည်မှာ မလွဲပါ။

တချို့နိုင်ငံတွေမှာတော့ အသေခံဗုံးခွဲတိုက်ခိုက်မှုတွေ၊ ဒေသစွဲ၊ လူမျိုးစွဲ အစွဲအလမ်း အာဃာတကြီးမားစွာနဲ့ တိုက်ခိုက်နေကြတာတွေ၊ အာဏာခွဲဝေမှုပြဿနာတွေ၊ စားနပ်ရိက္ခာ မလုံလောက်မှုတွေ ရှိနေ ကြတာကို ရုပ်မြင်သတင်းနဲ့ စာနယ်ဇင်းတွေမှာ ဖတ်ရှုရပြန်တော့ အမိမြေဟာ ပတိရူပဒေသပါလားလို့ နှစ်သိမ့်မိပြန်တယ်။ စည်းလုံး ညီညွတ်မှုဖြိုခွဲခံရလို့ ပြိုကွဲသွားတဲ့ ပြည်ထောင်စုနိုင်ငံအချို့ရဲ့ဖြစ်ပုံ ပျက်ပုံအလုံးစုံကို သိလာရလို့ ရှေးကထက်ပိုချစ်ကြဖို့၊ ပိုပြီးညီညွတ် ကြဖို့ တိုက်တွန်းနှိုးဆော်ချင်လာပြန်တယ်။

အမျိုးသားညီလာခံကို ၁၉၉၃ခုနှစ်မှာ အားလုံး တိုင်တိုင်ပင်ပင် ညှိညှိနှိုင်းနှိုင်းနဲ့ ကျင်းပနိုင်ခဲ့လို့ တစ်ပြည်လုံးဝမ်းသာအားရ ဖြစ်ခဲ့ကြတာ မှတ်မိနေပါသေးတယ်။ ၁၉၉၆ ခုနှစ်မှာ အမျိုးသားညီလာခံရပ်ဆိုင်း သွားတော့ ရင်ထုမနာဖြစ်ခဲ့ရပြန်တယ်။ ရွှေပြည်တော်မျှော်တိုင်းဝေး ဝတ္ထုဇာတ်လမ်းအတိုင်း ဖြစ်လာမှာကို ပူပန်မိခဲ့တယ်။ ၂၀၀၄ ခုနှစ်မှာ အမျိုးသားညီလာခံကို ပြန်လည်ကျင်းပတော့ နိုင်ငံရေးအရ ပိုမိုနိုးကြား တက်ကြွလာခဲ့ပြန်တယ်။

အဲဒီကာလတွေမှာ ကမ္ဘာအေးမဟာပါသာဏလိုဏ်ဂူတော်အတွင်း ဗုဒ္ဓမြတ်စွယ်တော်ပူဇော်ပွဲမှာ ဗုံးဖောက်ခွဲတာတွေ၊ ရန်ကုန်မြို့ ရှုပါ မားကတ်သုံးခုမှာ တစ်ပြိုင်တည်း ဗုံးဖောက်ခွဲတာတွေ ကျူးလွန်လာ ပြန်တော့ ကြေကွဲဒေါသဖြစ်ရပြန်တယ်။ ၂၀၀၁ခုနှစ် စက်တင်ဘာလမှာ နယူးယောက်က မျှော်စင်ညီနောင် အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးမှုခံရတဲ့ သတင်းကြောင့်လည်း ဂလိုဘယ်လိုက်ဇေးရှင်းနဲ့အတူ အကြမ်းဖက် အဖျက်သမားတွေဟာ နယ်စည်းမခြားတော့ပါလားလို့ သိမြင်လာ ရတယ်။

ကမ္ဘာပေါ်မှာ ဘယ်နိုင်ငံဘယ်လူမျိုးမှ အငြိုးအတေးနဲ့ တိုက်ခိုက် တာကိုမခံချင်ကြပါဘူး။ ချစ်စကိုရှည်စေပြီး မုန်းစကို တိုစေချင်ကြသူ တွေချည်းပါပဲ။ ဘာသာတရားအားလုံးကလည်း မကောင်းမှုဟူသမျှကို ရှောင်ရှားဖို့၊ မေတ္တာတရားရှေ့ထားဖို့ သွန်သင်ဆုံးမခဲ့တာ ဟိုနှစ်ပေါင်း ထောင်ချီကတည်းကပါ။ ဒါပေမယ့် ကိုယ့်နိုင်ငံမှနိုင်ငံ၊ ကိုယ့်လူမျိုးမှ လူမျိုးဆိုတဲ့ ဒေသစွဲ၊ လူမျိုးစွဲ၊ ပုဂ္ဂိုလ်စွဲတွေ၊ ကိုယ့်ဝါဒမှဝါဒ၊ ကိုယ့်ပါတီမှ ပါတီဆိုတဲ့ ဝါဒစွဲ၊ ပါတီစွဲတွေ ကြီးစိုးနေသမျှကာလပတ်လုံး ကမ္ဘာကြီး မှာ တိမ်ဖုံးပါလို့ လမသာဆိုတဲ့ အကာလတွေနဲ့ ရင်ဆိုင်ကြုံတွေ့နေရမှာ ဖြစ်ပါတယ်။

အဲဒီတော့ မြန်မာ့နိုင်ငံရေးခရီးလမ်းမှာ အဓိကနဲ့ သာမည၊ နိုင်ငံ့ အရေးနဲ့ ကိုယ့်အရေး ရစ်ပတ်ရှုပ်ထွေးမနေစေဘဲ လက်တွေ့ ကျကျ ရွေးချယ်နိုင်ကြဖို့ အရေးကြီးလာပြီဆိုတာ တွေ့ရပါတယ်။ အမျိုးသား ညီလာခံကျင်းပနေတုန်းက အချိန်ကြာမြင့်တယ်ဆိုပြီး စိတ်မရှည်ဘဲ ဖြစ်ကောင်း ဖြစ်နိုင်ပါတယ်။ တစ်ဖက်ကကြည့်ရင် အခြေခံဥပဒေကို ကျယ်ကျယ်ပြန့်ပြန့် လေးလေးနက်နက် သဘောမထားဘဲ ဖုတ်ပူ မီးတိုက် ပြီးစလွယ် ရေးဆွဲရင် အနာဂတ်မှာ ဘယ်လိုတွေဖြစ်လာမလဲ၊ ဘယ်သူမှအာမခံနိုင်မယ် မဟုတ်ပါဘူး။ အာမခံသည်ထားဦး၊ အဲဒီအခြေခံ ဥပဒေရဲ့ အားနည်းချို့ယွင်းချက်ကြောင့်ဖြစ်ပေါ်လာမယ့် ဆိုးကျိုးရလဒ် တွေကို နောင်လာနောက်သား သားစဉ်မြေးဆက်တွေပဲ ကုန်းရုန်းပြီး ခံကြရမှာပဲဖြစ်ပါတယ်။

အခုလို စောင့်ဆိုင်းမျှော်တွေးခဲ့ရတဲ့ အချိန်တွေဟာ နောင်လာ နောက်သားတွေအတွက် ရင်းနှီးမြှုပ်နှံပေးခဲ့ရတဲ့ တန်ဖိုးတွေပဲဖြစ်ပါတယ်။ တကောင်းခေတ်က ကံရာဇာကြီးနဲ့ ကံရာဇာငယ်တို့ရဲ့ နန်းသိမ်းပွဲခံဖို့ ယှဉ်ပြိုင်ပွဲကို သာဓက ယူသင့်ကြပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲ ရာမှာ ကံရာဇာငယ်လို မင်းဖြစ်ဖို့က အဓိက၊ တည်ဆောက်မှုက သာမည လို့ သဘောထားမှာလား။ ကံရာဇာကြီးလို တည်ဆောက်မှုက အဓိက၊ မင်းဖြစ်ဖို့က သာမညလို့ သဘောထားမှာလား။ သေသေချာချာ မြော်မြင်တွေးဆ သတိပြုမိကြဖို့ ကောင်းပါတယ်။

အခုဆိုရင် တည်ဆောက်မှုကာလတွေကို အောင်မြင်ပြီးမြောက် ခရီး ရောက်ခဲ့ပါပြီ။ တည်ဆောက်မှုကာလတိုင်းမှာ ရင်းနှီးပေးဆပ်ရတာတွေ၊ နစ်နာဆုံးရှုံးခဲ့ရတာတွေ၊ နာကျင်ခံစားခဲ့ရတာတွေ ရှိစမြဲဖြစ်ပါတယ်။ မြန်မာ့နိုင်ငံရေးခရီးလမ်းဟာ ပန်းခင်းလမ်းမဟုတ်ခဲ့တာ အားလုံးအသိ ပါပဲ။ တားဆီးပိတ်ဆို့မှု၊ဟန့်တားနှောင့်ယှက်မှု၊ ချွတ်ချော်တိမ်းစောင်းမှု၊ အကြိမ်ကြိမ် ပြန်လည်ထူထောင်မှုတွေနဲ့ ရင်ဆိုင်ကျော်လွှားခဲ့ရတာ ဖြစ်ပါတယ်။

ပန်းတိုင်ရောက်ဖို့ လက်တစ်ကမ်းအလိုကျမှ ခုန်ပျံကျော်လွှားပုံ နည်းစနစ်မကျလို့ တာထွက်ကပြန်စရမယ်လို့ ဒိုင်လူကြီးလို ဝင်ရောက် စွက်ဖက်သူတွေကြောင့် မိမိတို့ရဲ့ ရည်မှန်းချက်ပန်းတိုင်ကို အပျောက် မခံသင့်ပါဘူး။ ကြိုးပမ်းအားထုတ်ခဲ့ရတဲ့ လုံ့လဥဿဟတွေကို အဆုံးရှုံး မခံသင့်ပါဘူး။ ကြားလေသွေးတာနဲ့ အဝေးမခံသင့်ပါဘူး။

တစ်ဆက်တည်း ဥပမာပြရရင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ သစ် အတည်ပြုနိုင်ရေးဟာ မြန်မာနိုင်ငံအတွက် လက်ဆင့်ကမ်း အပြေးပြိုင်ပွဲနဲ့တူနေပါတယ်။ အခြေခံဥပဒေသစ်ကို မျိုးဆက်တစ်ခုက တာဝန်ယူသယ်ပိုးပြီး လက်ဆင့်ကမ်းပေးနေပါပြီ။ နောင်မျိုးဆက်တစ်ခုက အမြတ်တနိုးတန်ဖိုးထားလက်ခံပြီး ရှေ့ကိုချီတက် ခရီးဆက်ရဦးမှာ ဖြစ်တာမို့ ပမာဒလေမခကြဖို့ တင်ပြလိုက်ရပါတယ်။ ။

ပန်းတိုင်ရောက်ဖို့ လက်တစ်ကမ်းအလိုကျမှ ခုန်ပျံကျော်လွှားပုံ နည်းစနစ်မကျလို့ တာထွက်က ပြန်စရမယ်လို့ ဒိုင်လူကြီးလို ဝင်ရောက်စွက်ဖက်သူတွေကြောင့် မိမိတို့ရဲ့ ရည်မှန်းချက်ပန်းတိုင် ကို အပျောက်မခံသင့်ပါဘူး။ ကြိုးပမ်းအားထုတ်ခဲ့ရတဲ့ လုံ့လ ဥဿဟတွေကို အဆုံးရှုံးမခံသင့်ပါဘူး။ ကြားလေသွေးတာနဲ့ အဝေးမခံသင့်ပါဘူး။

ထူးခြားဆန်းကြယ်တန်ခိုးကြွယ်သည့် ကျိုက်မှော်ဝန်း ရေလယ်စေတီတော်

သတင်းဆောင်းပါးနှင့် ဓာတ်ပုံမှတ်တမ်း သတင်းထောက်–စိုးဝင်း(ကျောက်တန်း) စာမျက်နှာဖွဲ့စည်းမှု–ကြည်ဝင်း

လွန်ခဲ့သော နှစ်ပေါင်း ၆၀ ခန့်က ဖူးတွေ့ရသည့် ကျောက်တန်း ကျိုက်မှော်ဝန်း ရေလယ်စေတီတော်၏ အတိတ်ပုံရိပ်။
(ဓာတ်ပုံမှတ်တမ်း–ခင်လေးမောင်)

ရန်ကုန် မတ် ၆

ကျောက်တန်း ရေလယ်ဘုရားဟု ခေါ်ဝေါ်နေကြသည့် ကျောက်တန်းမြို့၏ရှေးဟောင်းသမိုင်းဝင်ဆုတောင်းပြည့်“**ကျိုက်မှော်ဝန်းရေလယ်စေတီတော်မြတ်**”သည် မှော်ဝန်းမြစ်အလယ်တွင် နေအရောင်၊ ရွှေအရောင်၊ ရေအရောင်တို့ အပြန်အလှန်ထင်ဟပ်ပြီး အံ့ချီးဖွယ်ရာ တင့်တယ်သပ္ပာယ်စွာ စံမြန်းတော်မူသည်။

ရေလယ်တွင် ထူးခြားစွာ တည်ထားကိုးကွယ်လျက်ရှိသော စေတီတော်မြတ်အား ပြည်တွင်းဘုရားဖူးများသာမက ပြည်ပခရီးသွားများပါ ကုန်းတစ်တန် ရေတစ်တန် စက်သမ္ဗန်စီး၍ ပျော်ရွှင်ကြည်နူးစွာ လာရောက်ကြည်ညို ဖူးမြော်ကြသည်ကို တွေ့ရသည်။

ပြုပြင်မွမ်းမံ

သမိုင်း အထောက်အထားများအရ စေတီတော်၏ ရှေးဦးပထမ ဘုရားဒါယကာမှာ လွန်ခဲ့သော နှစ်ပေါင်း နှစ်ထောင်ကျော်ကာလ သီဟဒီပကျွန်း၊ ပါဒနေပြည်တော် (ယခု ပါဒကြီး စံပြကျေးရွာ တည်ရှိရာ အရပ်)ရှိ သီဟနန္ဒမြို့ကိုတည်ထောင်နန်းစံခဲ့ကြသော ပါဒမင်းများ ဖြစ်ကြသည်။ သာသနာတော်နှစ် ၈၄နှစ်တွင် ပါဒမင်းဆက် ခုနစ်ဆက်မြောက် ဇယသေနမင်းက၊ အရှင်ဝိစိတြဉာဏနှင့် မဟာရေဝတ ရဟန္တာမထေရ်မြတ်တို့ပေးသနားသည့် ဆံတော်မြတ်လေးဆူ၊ သွားတော်ဓာတ်မြတ် ခုနစ်ဆူနှင့် ဓမ္မကရိဏ်း ရေစစ်တော်တို့ကို ဌာပနာပြု၍ မှော်ဝန်းမြစ် ရေလယ်ဂဝံကျောက် ကျွန်းပေါ်ဝယ် စေတီတည်ထားပြီးနောက် မင်းဆက်(၁၁)ဆက်မြောက် ဒွတ္တနာဂမင်း (တွတ္တနာဂမင်းဟုလည်းအဆိုရှိသည်) လက်ထက်တွင် မဇ္ဈိမဒေသမှ သာသနာပြုရဟန္တာမထေရ်မြတ်တို့ ပေးအပ်သည့် ဆံတော်မြတ်တစ်ဆူနှင့် ဓာတ်တော်ကိုးဆူတို့ကို ထပ်မံဌာပနာဖြည့်သွင်းပြီး မင်းကြီးနှင့်ရဟန္တာအရှင်သူမြတ်များက **“စေတီတော်ရင်ပြင်ပေါ်သို့ ပင်လယ်ဒီရေ တက်ရောက်ခြင်း မရှိနိုင်စေသတည်း” “ဘုရားဖူးလာသူ မည်မျှပင် များစေကာမူ စေတီတော်တွင် လောက်ငစွာ နေနိုင်ကြပါစေသတည်း” ‘‘စေတီတော်ကို မွမ်းမံပြုပြင်လှူဒါန်းသူများသည် လောကဠ္ဌ စီးပွားဥစ္စာတိုးတက်ပါစေသတည်း’’** ဟူသည့် သစ္စာဓိဋ္ဌာန်သုံးချက်ပြုကာ ပြန်လည်မွမ်းမံ တည်ထားခဲ့ကြောင်း လေ့လာသိရှိရသည်။

ပါဒမင်း အဆက်ဆက် တည်ထားကိုးကွယ်ခဲ့သည့် ကျိုက်မှော်ဝန်းစေတီတော်မြတ်သည် နှစ်ကာလ ကြာညောင်းခြင်းဒဏ်၊ မြစ်အလယ်တွင် လေထန်လှိုင်းပုတ် တလှုပ်လှုပ်ဒဏ်၊ ရွှံ့နွံထူပြော ခရာ၊ ဆူးချုံနွယ်များနှင့် ရေငန်ဒီရေတော သစ်ပင်များ ဖုံးအုပ်ခံ စံမြန်းနေရသဖြင့် ရေလယ်ကျွန်းအဖြစ်သာ မြင်တွေ့ကြရပြီး စေတီတော်တည်ရှိနေသည်ကိုပင် မသိခဲ့ကြပေ။

ပူဇော်

၁၂၇၀ပြည့်နှစ်တွင် မျက်မှောက်ကာလ ဘုရားဒါယကာ ဖြစ်သော ကျောက်တန်းမြို့နေ အမိန့်တော်ရရှေ့နေ ဦးဘထွန်းက ဇနီးဖြစ်သူ ဒေါ်ဒေါ်သက် မြင်မက်သော အိပ်မက်အရ မှော်ဝန်းမြစ်အလယ် ကျောက်ဆောင်ကျွန်းပေါ်ဝယ် သစ်ပင်များဖြင့် ဖုံးလွှမ်းပျောက်ကွယ်နေသည့် အောက်ခံ ဂန္ဓကုဋိတိုက်ပေါ်တွင် ခုနစ်တောင်ခန့်ရှိ စေတီပျက်ကို ရှာဖွေတွေ့ရှိပြီးနောက် ယခု ဖူးမြင်နေကြရသော ပစ္စယာသုံးဆင့်တွင် မုခ်လေးမုခ်နှင့် မြတ်ဗုဒ္ဓရုပ်ပွားတော်များ ပူဇော်ထားသော ဉာဏ်တော်အမြင့် ၃၄တောင် ၅၁ ပေ စေတီတော်ကို ပြန်လည်မွမ်းမံ တည်ထားပူဇော်ရာ သက္ကရာဇ် ၁၂၇၁ခုနှစ် တပေါင်းလ (၁၉၁၀ ပြည့်နှစ်)တွင် ပြီးစီးအောင်မြင်ခဲ့သည်။

အံ့သြဖွယ်ရာ

ကျိုက်မှော်ဝန်း ရေလယ်စေတီတော်၏ ဒါယကာ ပါဒမင်းများနှင့် ရဟန္တာအရှင်သူမြတ်တို့၏ သစ္စာဓိဋ္ဌာန် မှန်ကန်မှုနှင့် မြတ်ဗုဒ္ဓ၏တန်ခိုးတော်ကြောင့် ထူးခြားဖြစ်စဉ်များ ကြုံတွေ့ခဲ့ရသည်။ ပင်လယ်နှင့်နီးပြီး ဆက်စပ်မှုရှိသော မှော်ဝန်းမြစ်တွင် နေ့စဉ်ဒီရေ အတက်အကျရှိသည်ကို သိပြီးဖြစ်ကြပေမည်။ မှော်ဝန်းမြစ် အတွင်းသို့ ပင်လယ်ဒီရေ အမြင့်ဆုံး တက်ရောက်ချိန်များတွင် မြို့ဘက်ကမ်းတစ်လျှောက် လမ်းများပေါ်သို့ ရေကျော်လွှန်တက်ရောက်ပြီး နေအိမ် အသီးသီး၌ ကြမ်းခင်းများပါ နစ်မြုပ်ခဲ့သော်လည်း စေတီကုန်းတော်ထက်သို့ ရေလွှမ်းမိုးခြင်းမရှိဘဲ ဝဲကတော့ထိုးပြီး ချိုင့်ခွက်သကဲ့သို့ ဖြစ်နေသည်ကို မြို့နေလူများက ထူးခြားဆန်းကြယ် အံ့သြဖွယ်ရာ ဖူးတွေ့ခဲ့ကြရသည်။

စည်ကား

သက္ကရာဇ် ၁၃၅၅ ခုနှစ် ဝါဆိုလပြည့်နေ့ (ရန်ကုန်–သန်လျင်တံတားကြီး ဖွင့်လှစ်ပြီးစ)က အနယ်နယ်အရပ်ရပ်မှ ဘုရားဖူး လာကြသူတို့၏ ယာဉ်များ ရပ်နားရန် နေရာမရှိတော့သဖြင့် မြို့ပြင်ထွက်ရပ်နားရခြင်း၊ ထမင်းဆိုင်များတွင်လည်း ထမင်း၊ ဟင်းမချက်နိုင်တော့၍ ဆိုင်ပိတ်သိမ်းရသည့် အနေအထားသို့ ရောက်ရှိသွားခဲ့သည်။ မြို့ဘက်တွင် ကမ်းလုံးပြည့်မျှ စည်ကားများပြားလှသော ဘုရားဖူးလာသူတို့သည် စေတီကုန်းတော်တွင် လောက်ငစွာ နေထိုင်ဘုရားဖူးနိုင်ကြသည်ကို ထိုစဉ်က ကိုယ်တွေ့ကြုံခဲ့သူများ သိရှိမှတ်မိကြဦးမည် ဖြစ်သည်။

၁၉၉၀ ပြည့်နှစ်တွင် စေတီတော်ဘက်စုံပြုပြင်မွမ်းမံရေးအဖွဲ့ ဖွဲ့စည်းပြီး လုပ်ငန်းများဆောင်ရွက်ခဲ့ရာ နိုင်ငံတော်အစိုးရ၏ဦးဆောင်မှု၊ ဘက်စုံအဖွဲ့ဌာနဆိုင်ရာများနှင့် ဂေါပကအဖွဲ့ဝင်များ၏ ဉာဏအား၊ ကာယအား ပံ့ပိုးကူညီမှု၊ ဗုဒ္ဓဘာသာနွယ်ဝင် အလှူရှင်များ၏ တောင်းဆုပြည့်ဝ ကောင်းကျိုးခံစားကြရခြင်းကြောင့် သဒ္ဓါတရားထက်သန်စွာ ပါဝင်လှူဒါန်းမှု အစရှိသော စွမ်းအားသုံးရပ် ပေါင်းစပ်မှုတို့ဖြင့် ကျပ်သိန်းပေါင်း ငါးထောင်ကျော်တန် မြန်မာမှုတန်ဆောင်း ပြာသာဒ်၊ အာရုံခံဇရပ်၊ မုခ်ဦးနှင့်သာသနိက အဆောက်အအုံများ အစီအရီဖြစ်ထွန်း ပေါ်ပေါက်ခဲ့ပြီး ကုန်းတော်တည်ငြိမ်ခိုင်ခံ့စေရန် လိပ်သည်းကျောက်များ ချထားနိုင်ခြင်း၊ ရှင်ဥပဂုတ္တမထေရ်အား ရေလယ်တွင် သီးသန့်ပြာသာဒ်ဆောင် တည်ဆောက်ပူဇော်နိုင်ခြင်းနှင့် စေတီတော်မြတ်အား လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပူဇော်နိုင်ခဲ့ကြသည်ကို သာဓုအကြိမ်ကြိမ် ခေါ်ဆိုမိပါ၏။

ထို့ပြင် ၂၀၀၅ ခုနှစ်က စေတီတော်မြတ်အား အထွတ်စိန်ဖူးတော်တင် မင်္ဂလာအခမ်းအနား ကျင်းပရာတွင်လည်း ရတနာမျိုးစုံ စီခြယ်ထားသော စိန်ဖူးတော်ကို ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ကလည်းကောင်း၊ ငှက်မြတ်နားတော်ကို သာသနာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကိုကလည်းကောင်း အသီးသီးတင်လှူပူဇော်စဉ်ကလည်း ပြည်သူတို့နှင့်အတူ ဝမ်းမြောက်နှမော် သာဓုခေါ်ဆိုခဲ့ရပါသည်။

လက်တွေ့ခံစား

ရန်ကုန်မြို့၏ အရှေ့တောင်ဘက် မိုင် ၂၀ခန့် အကွာတွင် တည်ရှိသည့် ကျောက်တန်းမြို့ ကျိုက်မှော်ဝန်းရေလယ်စေတီတော်သို့ ဘုရားဖူးလာရောက်ကြသူများသည် တောင်းဆုပြည့်ဝ ခံစားရခြင်းသာမက ရန်ကုန်–သန်လျင် တံတားကြီးပေါ်ဖြတ်ကျော်စဉ် ပင်လယ်လေညင်းရှူရှိုက်ရခြင်း၊ ကျောက်တန်းမြို့အဝင် သစ်ပင်ဝါးပင်တို့၏ အရိပ်အာဝါသကြောင့် စိတ်နှလုံး ရွှင်ပြလန်းဆန်းအေးမြရခြင်း၊ ကူးတို့စက်သမ္ဗန်စီး၍ ပျော်ရွှင်ဖွယ်ခရီးဖြစ်ရခြင်း၊ ဘုရားအနီးမှ ငါးတန်ငါးကြီးများအား ဝမ်းမြောက်ကြည်နူးစွာဖြင့် ဒါနပြုအစာကျွေးရခြင်း၊ ဂေါပက အဆက်ဆက် ဆောင်ရွက်ခဲ့သည့် ရေနွေးကြမ်းသောက်သုံး၍ အပန်းဖြေနားနေရခြင်း အစရှိသော အကျိုးတရားများကိုလည်း လက်တွေ့ ခံစားကြရသဖြင့် ဘုရားဖူးလာသူများ နေ့စဉ်မပြတ် စည်ကားလျက်ရှိသည်ကို တွေ့ရှိရပေသည်။

ဤသို့ ထူးခြားဆန်းကြယ်တန်ခိုးကြွယ်သည့် ကျိုက်မှော်ဝန်း ရေလယ်စေတီတော်၏ (၉၈)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို တပေါင်းလဆန်း ၈ရက်မှ လပြည့်ကျော် ၂ရက် (မတ် ၁၄ရက်မှ ၂၂ရက်)အထိ ဗုဒ္ဓပူဇာ၊ ဓမ္မပူဇာ၊ သံဃပူဇာ အစီအစဉ်များဖြင့် ကျင်းပရန်အတွက် သြဝါဒါစရိယ ဆရာတော်ကြီးများ၏ သြဝါဒနှင့်အညီ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်ခင်နှင့် အဖွဲ့ဝင်များ၊ ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ငြိမ်းနှင့် ဂေါပကအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာနှင့်အဖွဲ့အစည်းများ၊ ရပ်ကွက်အသီးသီးမှ စေတနာရှင်များ ပါဝင်သော လုပ်ငန်းကော်မတီ အသီးသီး ဖွဲ့စည်းပြီး ဆောင်ရွက်လျက် ရှိကြသည်။

ရွတ်ဖတ်ပူဇော်

ဗုဒ္ဓပူဇနိယပွဲတော် ဖွင့်ပွဲ အခမ်းအနားကို မတ် ၁၄ရက် နံနက်၈နာရီတွင် ကျင်းပပြီး ထိုနေ့ညမှ မတ်၁၆ရက် ညအထိ ဓမ္မပူဇာသဘင် တရားပွဲများ၊ မတ် ၁၇ရက်မှ ၂၁ရက်အထိ မြို့ပေါ်ရှိ ပရိယတ္တိ စာသင်တိုက် အသီးသီးတို့မှ သံဃာတော်အရှင်သူမြတ်အပါး၃၀တို့က မဟာပဋ္ဌာန်းဒေသနာတော်များကို ငါးရက်တိုင်တိုင် အသံမစဲ ရွတ်ဖတ်ပူဇော်ကြမည်။

တပေါင်းလပြည့်နေ့ အရုဏ်တက်အချိန်တွင် စေတီတော်နှင့် ဗုဒ္ဓရုပ်ပွားတော်မြတ်များအား အနေကဇာတင်ခြင်း၊ ဆွမ်းတော်ကြီးတင် ကပ်လှူပူဇော်ခြင်းနှင့် ဗိုလ်ချုပ်ဈေးသစ်မိသားစုများ၏ (၃၂)ကြိမ်မြောက် ဆွမ်းသပိတ်ရေစျော လှူဒါန်းခြင်း၊ ရွှေမှော်ဝန်း သာသနာ့ဗိမာန်တော်တွင် ပင့်သံဃာ ၁၅၆ပါးတို့အား နေ့ဆွမ်းဆက်ကပ်ပြီး မွန်းလွဲ၁နာရီတွင် ဆွမ်းဆန်စိမ်းနှင့် ကျပ်သိန်းငါးဆယ်ကျော်တန်ဖိုးရှိ ငွေပဒေသာပင်များအား စာရေးတံမဲဖြင့် လောင်းလှူခြင်း၊ လပြည့်နေ့ည ၆နာရီတွင် တတိယအကြိမ်မြောက် ဆီမီးမျှောပူဇော်ပွဲနှင့် ရုပ်စုံသဘင် ဖျော်ဖြေခြင်းများ စီစဉ်ထားပြီး ဖြစ်ပေသည်။

ဗုဒ္ဓပူဇနိယပွဲ

ကျိုက်မှော်ဝန်း ရေလယ်စေတီတော်တွင် လုံခြုံရေး အစီအစဉ်အရ နေ့စဉ်ည ၆နာရီမှ နံနက် ၆နာရီအထိ သံတံခါးများ ပိတ်ထားပါသည်။ သို့သော်လည်း ဗုဒ္ဓပူဇနိယ ပွဲတော်တွင်း ပဋ္ဌာန်းပွဲ ကျင်းပသည့် တပေါင်းလဆန်း၁၁ရက်ညမှ လပြည့်နေ့ နံနက်အထိကိုမူ ညပိုင်း ဘုရားဖူးမြော်ပူဇော်ခွင့်ပြုထားပါသည်။ ထိုညများတွင် နေ့စဉ်ကူးတို့တာဝန်ယူထားသည့် ပန်းတောစုပေါင်းကူးတို့ သမဝါယမအသင်း လီမိတက်မှ စက်တပ်သမ္ဗန်များဖြင့် အခမဲ့နိဗ္ဗာန်ကူးတို့ ပို့ဆောင်ပေးပါမည်။ သို့ပါ၍ ညချမ်းချိန်ခါ ဆိတ်ငြိမ်စွာဖြင့် တရားဘာဝနာ ပွားများအားထုတ်လိုသည့် ပုဂ္ဂိုလ်များနှင့် ဗုဒ္ဓပူဇနိယပွဲတော်တွင် ပါဝင်လှူဒါန်းလိုသူ ကုသိုလ်ရှင်များအား နိဗ္ဗာန် အကျိုးမျှော်၍ နှိုးဆော်ရေးသားလိုက်ရပါကြောင်း။ ။

(မြန်မာ့အလင်း)

ကျိုက်မှော်ဝန်း ရေလယ်စေတီတော်အား ရေကျချိန်တွင် ဤသို့ သပ္ပာယ်စွာ ဖူးတွေ့ရသည်။

ကျိုက်မှော်ဝန်း စေတီတော်ရင်ပြင်ပေါ်တွင် ဘုရားဖူးလာသူများဖြင့် စည်ကားလျက်ရှိသည်။

ရေလယ်တွင် ထူးခြားစွာ တည်ထားကိုးကွယ်လျက်ရှိသော စေတီတော်မြတ်အား ပြည်တွင်း ဘုရားဖူးများသာမက ပြည်ပခရီးသွားများပါ ကုန်းတစ်တန် ရေတစ်တန် စက်သမ္ဗန်စီး၍ ပျော်ရွှင်ကြည်နူးစွာ လာရောက်ကြည်ညို ဖူးမြော်။

ကိုကိုးကျွန်း၌ တာဝန်ထမ်းဆောင်ကြမည့် ဝန်ထမ်းများအား ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း တွေ့ဆုံမှာကြား

ရန်ကုန် မတ် ၆

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းသည် ယမန်နေ့နံနက် ၁၁နာရီက သာကေတမြို့နယ်ရှိ မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း၊ သာကေတဆိပ်ခံတံတား ခရီးသည်ခန်းမဆောင်၌ ရန်ကုန်တောင်ပိုင်းခရိုင် ကိုကိုးကျွန်းမြို့နယ်သို့ သွားရောက်ပြီး တာဝန်ထမ်းဆောင်ကြမည့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် ခရီးသည်များအား တွေ့ဆုံ၍ ကိုကိုးကျွန်းမြို့နယ် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ မှာကြားသည်။

ထို့နောက် တိုင်းမှူးက မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း မြစ်ကြီးနား သင်္ဘောဖြင့် ကိုကိုးကျွန်းမြို့နယ်သို့ လိုက်ပါကြမည့် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ တာဝန်ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းများနှင့် အရပ်သားခရီးသည်များအတွက် ထောက်ပံ့ငွေများကို ပေးအပ်ပြီး သာသနာရေး ဦးစီးဌာနက လှူဒါန်းသော ဘာသာရေး စာအုပ်၊ စာစောင် ၂၃၅အုပ်နှင့် ဗွီစီဒီတရားခွေ ၁၅ချပ်တို့ကို တာဝန်ရှိသူများထံ ပေးအပ်သည်။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၇-၃-၂၀၀၈ (သောကြာနေ့)

AM & PM

၇း၀၀ - ၁း၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇း၀၅ - ၁း၀၅	ကိုယ်ချည်တဲ့ကြိုး ကိုယ်ဖြည်ပါတရားတော် (ဆရာတော် အရှင်ဣန္ဒာစရိယ)
၇း၅၅ - ၁း၅၅	Activities in the City
၈း၁၀ - ၂း၁၀	တေးဂီတအစီအစဉ်
၈း၁၅ - ၂း၁၅	Myanmar Video Rhythm
၈း၄၅ - ၂း၄၅	နယ်စပ်ဒေသဖွံ့ဖြိုးဝေစည် နတလဒီဂရီကောလိပ်မှသည်
၉း၀၅ - ၃း၀၅	ပြည်တွင်းသတင်းအကျဉ်း
၉း၁၅ - ၃း၁၅	တေးဂီတအစီအစဉ်
၉း၂၀ - ၃း၂၀	စားဖွယ်အဖုံဖုံ မုန့်မျိုးစုံ (အရသာချိုချိုရေခဲမုန့် ပြုလုပ်နည်း)
၉း၃၀ - ၃း၃၀	နိုင်ငံတကာသတင်းအကျဉ်း
၉း၃၅ - ၃း၃၅	ယနေ့သိပ္ပံနှင့် နည်းပညာ
၉း၄၅ - ၃း၄၅	မိုးလေဝသခန့်မှန်းချက်
၉း၅၀ - ၃း၅၀	တေးဂီတအစီအစဉ်
၉း၅၅ - ၃း၅၅	ရွှေလီရေအားလျှပ်စစ်စက်ရုံ
၁၀း၂၀ - ၄း၂၀	Art Vision (အာဆီယံ လက်မှုအနုပညာ ပစ္စည်းလက်ရာမွန်ပြပွဲ)
၁၀း၅၀ - ၄း၅၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၀၀ - ၅း၀၀	တေးဂီတအစီအစဉ်
၁၁း၀၅ - ၅း၀၅	Yangon Panorama (တရုတ်နှစ်သစ်ကူး အထူးအထိမ်းအမှတ် နဂါးအက အလှပြပွဲတော်)
၁၁း၂၅ - ၅း၂၅	ဖူးစာဖက်တို့ဆုံစည်းဖို့ရာ (ရှေ့တော်ပြေးသဝဏ်လွှာ)
၁၁း၃၅ - ၅း၃၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၄၀ - ၅း၄၀	ကျန်းမာပျော်ရွှင် မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာ နိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
၁၂း၀၅ - ၆း၀၅	တေးဂီတအစီအစဉ်
၁၂း၁၀ - ၆း၁၀	လေလှိုင်းမှ ဖြေကြားပရိသတ်များအမေးစကား
၁၂း၂၀ - ၆း၂၀	သီးနှံစိုက်ပျိုးအထွက်တိုး (ပြည်ပဝင်ငွေရစေရာ ဆေးဖက်ဝင် သစ်ခွစိုက်ပါ)
၁၂း၄၀ - ၆း၄၀	VJ Choice
၁း၀၀ - ၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ပို့ဆောင်ပေး

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက အဆိုပါ သင်္ဘောဖြင့် ရော်ဘာပျိုးပင်ပေါက်အပင် ၂၂၀၀၊ ဖိနမာရစိန်ဘုရားဂြိုဟ်ခွင် ရှစ်ခု တည်ဆောက်ရန် ပစ္စည်းများ၊ ကလေးပုခတ်ခုတင်နှစ်လုံး၊ အုန်းလက် လောင်စာအမှုန့် ကြိတ်စက်တစ်လုံး၊ စားအုန်းဆီ လေးပီပါ အပါအဝင် ဆောက်လုပ်ရေးပစ္စည်းများ၊ စားသောက်ကုန်နှင့် ဆန်၊ ဆီများကို ပို့ဆောင်ပေးလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ခင်ပွန်း ဦးသာရအား ရည်စူး၍ ဗဟန်းမြို့နယ် သာသနာ့ရိပ်သာလမ်း အမှတ်(၅၃/ခ)နေ ဒေါ်တင်လှနှင့် မောင်နှမ တစ်စုက ဗဟန်းမြို့နယ် မဟာသကျ အတုလမာရ်အောင်ဘွဲ့တော်ဆောင်သော ငါးထပ်ကြီးဘုရားကြီး၏ ကားအတက်အဆင်း စောင်းတန်း အသစ်ပြန်လည်တည်ဆောက်ခြင်းလုပ်ငန်းအတွက် ပထမအကြိမ် အလှူငွေ ကျပ်သုံးသိန်းကို ဂေါပကအဖွဲ့ဝင် ဦးသောင်းညွှန့်နှင့် ဦးအုန်းရွှေတို့ထံ ပေးအပ်လှူဒါန်းစဉ်။

(မြို့နယ် ပြန်/ဆက်)

တွဲဖက် အထွေထွေအတွင်းရေးမှူး ဦးဇော်မင်း ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ မီးဘေးလုံခြုံရေး ဆွေးနွေး

နေပြည်တော် မတ် ၆

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အထွေထွေ အတွင်းရေးမှူး ဦးဇော်မင်းနှင့် မကွေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေတို့သည် မတ်၂ရက်က မကွေးတိုင်း မြိုင်မြို့နယ် တွင်းမ ကျေးရွာ၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များအားလည်းကောင်း၊ ပခုက္ကူမြို့နယ် ကမ္ဗကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း၌ ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များအားလည်းကောင်း၊ ပခုက္ကူမြို့နယ် မြစ်ခြေ ကျေးရွာရှိ မြစ်ခြေပြည်သူ့ခန်းမ၌ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များအားလည်းကောင်း တွေ့ဆုံ၍ နယ်မြေဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊ မီးဘေးလုံခြုံရေးနှင့် စီးပွားရေးကိစ္စရပ်များ ဆွေးနွေးပြောကြားကြသည်။

ထို့နောက် ဆွေးနွေးတင်ပြချက်များအပေါ် တွဲဖက်အထွေထွေ အတွင်းရေးမှူးနှင့် တိုင်းဥက္ကဋ္ဌတို့က ပြန်လည်ဆွေးနွေး ဖြည့်ဆည်းပေးကြပြီး မြစ်ခြေအခြေခံပညာ အထက်တန်းကျောင်းသို့ ကွန်ပျူတာတစ်စုံကို လှူဒါန်းသည်။

ညှိနှိုင်းဖြည့်ဆည်း

ထိုမှတစ်ဆင့် တွဲဖက် အထွေထွေ အတွင်းရေးမှူး ဦးဇော်မင်းနှင့် မကွေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေတို့သည် မကွေးတိုင်း ဆိပ်ဖြူမြို့နယ်သို့ ရောက်ရှိပြီး ဆိပ်ဖြူမြို့ ငွေသဲဖြူခန်းမ၌ ဆိပ်ဖြူမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များအား တွေ့ဆုံ၍ အမှာစကား ပြောကြားပြီး ဆိပ်ဖြူ မြို့နယ် ဆရာဝန်၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဌာနဆိုင်ရာတို့၏ ဆွေးနွေးတင်ပြချက်များအပေါ် တွဲဖက်အထွေထွေအတွင်းရေးမှူးနှင့်တိုင်းဥက္ကဋ္ဌတို့က ညှိနှိုင်းဖြည့်ဆည်းပေးကြကြောင်း သိရသည်။ **(သတင်းစဉ်)**

နိုင်ငံခြားရေးဒုတိယဝန်ကြီးဦးကျော်သူ ခေါင်းဆောင်သောအဖွဲ့ နီပေါတွင် နှစ်နိုင်ငံအကျိုးတူကိစ္စရပ်များ ဆွေးနွေးခဲ့

နေပြည်တော် မတ် ၆

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် နီပေါနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အတွင်းဝန် မစ္စတာဂိုင်ယန်ချန်ဒရာအာချာယာ၏ ဖိတ်ကြားချက်အရ ဖေဖော်ဝါရီ ၂၈ရက်မှ မတ်၂ရက်အထိ နီပေါနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ပြီးနောက် ယမန်နေ့နံနက်ပိုင်းက လေကြောင်း ခရီးဖြင့် နေပြည်တော်သို့ ပြန်လည်ရောက်ရှိလာသည်။

ဆွေးနွေး

ဒုတိယဝန်ကြီး ဦးကျော်သူသည် ဖေဖော်ဝါရီ ၂၈ ရက် မွန်းလွဲပိုင်းတွင် ခတ္တမန္ဒူမြို့ရှိ နိုင်ငံခြားရေး ဝန်ကြီးဌာန၌ နီပေါနိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာန အတွင်းဝန် မစ္စတာဂိုင်ယန်ချန်ဒရာအာချာယာနှင့် တွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံအကြား အစဉ်အလာအရ ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ရေးအတွက် နှစ်နိုင်ငံ အကျိုးတူကိစ္စရပ်များကို ဆွေးနွေးကြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးကျော်သူသည် ခတ္တမန္ဒူမြို့ရှိ နီပေါနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးသို့ သွားရောက်၍ သံရုံးဝန်ထမ်းများနှင့် တွေ့ဆုံကာ သံရုံး လုပ်ငန်းပိုင်းဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းမှာကြားပြီး ညနေပိုင်းတွင် ဒုတိယဝန်ကြီး ဦးကျော်သူခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် မြန်မာသံအမတ်ကြီး ဦးအောင်ခင်စိုးက နေအိမ်၌ တည်ခင်းသည့် ညစာစားပွဲသို့ တက်ရောက်သည်။

တက်ရောက်

ဒုတိယဝန်ကြီး ဦးကျော်သူခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် နီပေါနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနအတွင်းဝန် မစ္စတာ ဂိုင်ယန်ချန်ဒရာအာချာယာက ဖေဖော်ဝါရီ၂၉ရက် မွန်းလွဲပိုင်းတွင် ရှန်ဂရီလာဟိုတယ်၌ တည်ခင်းဧည့်ခံသည့် ဂုဏ်ပြု နေ့လယ်စာစားပွဲသို့ တက်ရောက်ခဲ့သည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးကျော်သူခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် မြန်မာသံအမတ်ကြီး ဦးအောင်ခင်စိုး လိုက်ပါလျက် နီပေါနိုင်ငံနိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီးမစ္စစ်ဆာဟာနာပရာဟန်အား ၎င်း၏ ရုံးခန်းသို့ သွားရောက်တွေ့ဆုံသည်။ **(အပေါ်ပုံ)**

ခရီးသွားလုပ်ငန်း

ဆက်လက်၍ ဒုတိယ ဝန်ကြီး ဦးကျော်သူခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် နီပေါနိုင်ငံ ယဉ်ကျေးမှု၊ ခရီးသွားလုပ်ငန်းနှင့် လေကြောင်းပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ဆူဘားဂူရမ်အား ၎င်း၏ ရုံးခန်းသို့ သွားရောက်တွေ့ဆုံ၍ နှစ်နိုင်ငံအကြား ဘာသာရေးဆိုင်ရာ ခရီးသွားလုပ်ငန်းမြှင့်တင်ရေး ကိစ္စများကို ဆွေးနွေးကြသည်။

ဒုတိယဝန်ကြီး ဦးကျော်သူ ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် မတ် ၁ရက်တွင် နီပေါနိုင်ငံတောင်ပိုင်းရှိ လုမ္ဗိနီဥယျာဉ်သို့ သွားရောက်ပြီး မြန်မာရွှေကျောင်းတော်၊ မြတ်စွာဘုရား ဖွားမြင်တော်မူရာဌာနနှင့် အခြားသာသနိက အဆောက်အအုံများသို့ သွားရောက် ဖူးမြော်ကြည်ညိုကြသည်။

တွေ့ဆုံ

ဒုတိယဝန်ကြီး ဦးကျော်သူအား နီပေါ-မြန်မာချစ်ကြည်ရေးအသင်း ဥက္ကဋ္ဌမစ္စတာ ရူဒရာပရာဒါန် ခေါင်းဆောင်သည့် အသင်းဝင်များသည် မတ် ၂ရက်တွင် ခတ္တမန္ဒူမြို့ရှိ ခေတ္တတည်းခိုရာ Yat & Yeti ဟိုတယ်သို့ လာရောက်၍ တွေ့ဆုံကြသည်။

ဒုတိယဝန်ကြီးဦးကျော်သူ ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များ ဖြစ်ကြသော နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်တင်နှင့် ဝန်ကြီးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်စိုးတို့လည်း ပြန်လည်လိုက်ပါလာကြသည်။

(သတင်းစဉ်)

မီးဘေးအန္တရာယ်ကာကွယ်ရေး ဟောပြောသရုပ်ပြ

ရန်ကုန် မတ် ၆

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၃၀)ရပ်ကွက် ဒဂုံရွှေပြည်ဈေးတွင် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ဟောပြောပွဲနှင့် မီးငြိမ်းသတ်ရေးသရုပ်ပြပွဲ အခမ်းအနားကို မတ် ၄ရက် နံနက် ၉နာရီခွဲက ကျင်းပရာ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနိုင်ဝင်း၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဗိုလ်ကြီးမင်းမင်းဦး ဈေးတာဝန်ခံဦးဇေယျာလှိုင်၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များနှင့် ဈေးသူဈေးသားများနှင့် ရပ်မိရပ်ဖများ တက်ရောက်ကြပြီး မြို့နယ်မီးသတ်ဦးစီးမှူး ဦးမြင့်ခိုင် ဦးစီးသော မီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် လက်တွေ့မီးငြိမ်းသတ်ခြင်းတို့ကို သရုပ်ပြဟောပြောသည်။ **(အောက်ပုံ)** (က-ပ)

မီးဘေးရှောင် မလောင်ခင်တား

ရန်ကုန်တိုင်းဗဟန်းမြို့နယ်ငါးထပ်ကြီး ဆုတောင်းပြည့်စေတီတော် ပြန်လည်တည်ဆောက်ပြုပြင်ရေးအတွက် တာမွေမြို့နယ် အဝေရာလမ်းအဝေရာအိမ်ရာ တိုက်အမှတ် ၆၄နေ၊ ဦးမြင့်ကြည်-ဒေါ်ခင်ပြုံး၊ သား မောင်ကျော်ကျော်မြင့် မိသားစုက အလှူငွေ ကျပ်နှစ်သိန်းကို ငါးထပ်ကြီးဘုရားဂေါပက အဖွဲ့ အတွင်းရေးမှူး ဦးဘတင်နှင့် ဦးသောင်းညွန့်တို့ထံ ပေးအပ်လှူဒါန်းစဉ်။

(မြို့နယ် ပြန်/ဆက်)

ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံတည်ဆောက်မှု ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၆

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် မတ်၁ရက် နံနက်က ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ကျောက်မဲခရိုင်အတွင်းရှိ ရွှေလီ-မန်စံ-ရွှေစာရံဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ တည်ဆောက်ရေးစီမံကိန်း ဂုတ်တွင်းတာဝါတိုင် အမှတ်(၃၂၁)တည်ဆောက်မှုလုပ်ငန်းများကိုလည်းကောင်း၊ မန်စံပင်မဓာတ်အားခွဲရုံတည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများကိုလည်းကောင်းစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မီးကြွင်း
မီးကျန်
မရှိရန်
ကျင့်ကြံ
သတိ
အမြဲရှိ

Wildlife Management ဆိုင်ရာ ဘွဲ့လွန်ဒီပလိုမာသင်တန်းဖွင့်ရေး အလုပ်ရုံဆွေးနွေးပွဲ ရေဆင်းသစ်တောသုတေသနဌာနကျင်းပ

နေပြည်တော် မတ် ၆

သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၊ သစ်တောတက္ကသိုလ်နှင့် Wildlife Conservation Society တို့ ပူးပေါင်း၍ Wildlife Management ဆိုင်ရာ ဘွဲ့လွန်ဒီပလိုမာသင်တန်း ဖွင့်လှစ်ရေး အလုပ်ရုံဆွေးနွေးပွဲကို ယမန်နေ့ နံနက်ပိုင်းက နေပြည်တော်ရှိ ရေဆင်းသစ်တော သုတေသနခန်းမ၌ ကျင်းပရာ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်နှင့် Wildlife Conservation Society မှ ဂုဏ်ထူးဆောင်ဒါရိုက်တာ ကျားပညာရှင် Dr.Alan Rabinotwitz တို့က အမှာစကား ပြောကြားကြသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောတက္ကသိုလ်၊ စိုက်ပျိုးရေးတက္ကသိုလ်၊ မွေးမြူရေးဆိုင်ရာတက္ကသိုလ်တို့မှ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများဖြစ်သည့် WCS, BANCA၊မြန်မာနိုင်ငံငှက်ဝါသနာရှင်များအသင်းတို့မှပညာရှင်များနှင့် လေ့လာသူများ တက်ရောက်ကြသည်။

ဖွင့်လှစ်

အဆိုပါအလုပ်ရုံဆွေးနွေးပွဲကို မတ် ၆ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ဆွေးနွေးပွဲရလဒ်များအရ Wildlife Management ဆိုင်ရာ ဘွဲ့လွန်ဒီပလိုမာသင်တန်းကိုနေပြည်တော်ရှိ သစ်တောတက္ကသိုလ်၌ နိုင်ငံခြားသားပညာရှင်များဖြင့် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမည်မဖော်လိုသူအချစ် ဆက်လက်ချစ်နေဆဲ ရင်နှင့်အောင်မွှေး စာမေးပွဲအပြီးစောင့်ဆိုင်းနေ

ရုပ်ရှင် သတင်းထောက်

ရန်ကုန် မတ် ၆

ဒါရိုက်တာ မီးပွား၏ အမည်မဖော်လိုသူအချစ်မှာ သမ္မတ၊ သွင်၊ မင်္ဂလာ၊ နဝဒေးနှင့် မဟာမြိုင်ရုံများတွင် ဆက်လက်အရှိန်ကောင်းနေဆဲဖြစ်သည်။ ဓမ္မသောက အင်းဝရာဇာမှာ မြို့လယ် ဝဇီရာရုံတွင် ရန်ဖြစ်ကြတုန်း ရှိသေးသည်။

ဂျာနယ်ကျော်မမလေး၏နာမည်ကြီး ဝတ္ထုကို မူရင်းအရသာ မပျက်အောင် ထွန်း၊နဝရတ်၊ထူးမွန်၊ နွဲ့နွဲ့စန်း၊ ခင်မို့မို့ အေးတို့နှင့်အတူ အနုပညာရှင်များစွာ

ညီရင်းအစ်ကို ဓာတ်ကားမှ ဓာတ်ဝင်ခန်း တစ်ခန်း။

ပါဝင်ပုံဖော်ထားသည်။ မျိုးရုပ်ရှင် ထုတ်လုပ်ရေးမှ အမျိုးသမီးတစ်ဦး၏ မိန်းမမာနကို ထိထိရှရှလေး တင်ပြထားသည်။

ဒါရိုက်တာမောင်ဝဏ္ဏဖန်တီးထားသည့် **ရင်နှင့်အောင်မွှေး** ဓာတ်ကားကြီးမှာ ဆယ်တန်းစာမေးပွဲအပြီး စောင့်ရင်း မတ်လ နောက်ဆုံးပတ်တွင် ရုံဝင်လာမည်ဖြစ်သည်။ ဟာသဓာတ်မြူးကားတွေကြားထဲ ထူးထူးခြားခြား ဖောက်ဝင်လာသော ဒရာမာဓာတ်ကား ဖြစ်သည်။ အများမိုးခါးရေသောက်တိုင်း မသောက်တတ်သော သဘာဝအုပ်စု၏ မှုအတိုင်း အချစ်အိမ်ထောင်ရေး ပညာပေး သန့်သန့်လေးကို တင်ဆက်ထားသည်။ **ရင်နှင့်အောင်မွှေး**ကို လွင်မိုး၊ နေအောင်၊ ထွန်းထွန်းဝင်း၊ မေတ္တာ၊ မိုးဒီ၊ ဦးခိုင်တင်၊ ခင်သန်းနု၊ မျိုးသန္တာ

မကြာမီရုံဝင်လာမည့် ရင်နှင့်အောင်မွှေး ဓာတ်ကားမှ လွင်မိုးနှင့် မျိုးသန္တာထွန်း။

အမည်မဖော်လိုသူ အချစ်မှ ဓာတ် ဝင် ခန်း တစ်ခန်း။

နိုင်ငံခြားဓာတ်ကားများ

ရွှေ့ဆောင်ရုံတွင် OM SHANTI OM ဓာတ်ကား ပြသနေပြီ။ နေပြည်တော်တွင် National Treasure(2) တင်ဆက်လျက်ရှိသည်။

ဆုထူးပန်ရုံတွင် ရှာရွတ်ခန် နှစ်ကိုယ်ခွဲ ပါဝင်ထားသော Duplicate အိန္ဒိယဓာတ်ကား ရုံဝင်လာသည်။ မင်းသမီးမှာ ဂျူဟီချာဝါလာ ပါဝင်ထားသည်။ ဘုရင့်ရုံတွင် ရှာဒစ်ကာပူး၏၊ အမီတာရှိ၊ဆန်ဂျေးဒက်တို့ ပါဝင်သရုပ်ဆောင်ထားသည့် Vaahlife ho tohaisi ရုံဝင်လာသည်။ ဝိညာဉ်ဓာတ်ကား ဖြစ်သည်။

ညီရင်းအစ်ကို

ရွှေဗဟိုရ်၊ ဘုရင့်နောင်၊ ရောဝတီ၊ မြရတနာရုံများတွင် ဓာတ်ညွှန်းနှင့် ဒါရိုက်တာထူးလယ်မူး၏ **ညီရင်းအစ်ကို** အဆင့်မြင့် မြန်မာဗီဒီယိုဓာတ်ကား ရုံဝင်လာသည်။ **ညီရင်းအစ်ကို**တွင် ဝေဠုကျော်၊မင်းဦး၊ရာဇာနေဝင်း၊နဝရတ်နှင့် သဇင်တို့ပါဝင်ထားသည့် အက်ရှင်ဓာတ်ကားဖြစ်သည်။

မြို့မရုံတွင် မင်းသားဆန်ဂျေးဒက်၊ ဆွန်နီးလ်ရှက်သီး၊ အဘီရှပ်ခ်ဘဂျမ်း၊ မင်းသမီး ဆီလ်ပါးရှက်တီ၊ အီရှာဒီယိုလ်၊ ဒီယာမီဇာ၊ရိုင်မာဆင်းတို့အပြင် လူကြမ်းပေါင်းစုံပါဝင်ပြီး စွန့်စွန့်စားစား သရုပ်ဆောင်ချက်များနှင့်အတူ သွက်လက်စွာရိုက်ကူးထားသော DUS အက်ရှင်ဓာတ်ကား ရုံဝင်လာသည်။

အသားပေး

ဤဓာတ်ကားတွင် ရဲတပ်ဖွဲ့က ဒုစရိုက်သမားများ၏ လှို့ဝှက်အစီအစဉ်ကိုသိရှိပြီး ပြည်သူများ၏ အသက်အန္တရာယ်ကြားမှ ကယ်တင်ခဲ့ရပုံကို ရိုက်ကူးတင်ဆက်ထားသည့် လှုပ်ရှားမှုအသားပေး ဓာတ်ကားကောင်း ဖြစ်သည်။ ။ **(မြန်မာ့အလင်း)**

မြန်မာ့အလင်း မှုခင်းသတင်းများ

ကျပ်သိန်း၆၀ လိမ်လည်သူများ အရေးယူ

ရန်ကုန် မတ် ၆

တောင်ဥက္ကလာပမြို့နယ် ၅ရပ်ကွက် ပုဂံ၂လမ်း အမှတ် ၆၀၀နေ ဦးကျော်ဝင်း(၅၃နှစ်) (ဘ)ဦးသိန်းရွှေသည် မတ် ၄ရက် မွန်းလွဲ ၁၂နာရီ မိနစ်၂၀တွင် ဗဟန်းမြို့နယ် ရဲတပ်ဖွဲ့စခန်းသို့ အမှုဖွင့်တိုင်ကြားရာတွင် ဗဟန်းမြို့နယ် ငါးထပ်ကြီး(မြောက်) ရပ်ကွက် လိပ်ပြာကန်တိုက် ကြာနီကန်ကျောင်းသို့ ဆေးကုသရန်ရောက်ရှိနေသော နေပြည်တော်ပျဉ်းမနား ရွှေချီရပ်မြို့ပတ်လမ်းရှိ တပ်ဦးကျောင်း ဆရာတော် ဦးဝိလာသထံသို့ မတ်၁ရက်က ဒါယကာ၊ ဒါယိကာမများဖြစ်သော နေပြည်တော်ပျဉ်းမနားနေ ဦးကျော်သန်း၊ မော်ဘီမြို့နေ ဦးလှတင်၊ တရုတ်ကြီး၊ ဒေါ်ကြိုင်ကြိုင်တို့လေးဦး ရောက်ရှိလာပြီး လုပ်ငန်းကိစ္စအတွက် ငွေလိုနေ၍ ငွေကျပ်သိန်း ၆၀အားကူညီရန် ပြောကြားခဲ့သည်။ ဆရာတော်ဦးဝိလာသက သံဃာနစ်ပါးရှေ့တွင် ငွေကျပ်သိန်း ၆၀ကို ပေးအပ်ခဲ့ရာ ၎င်းတို့လေးဦးသည် မတ် ၂ရက်တွင် ကျောင်းသို့ ထပ်မံရောက်ရှိလာပြီး အမည်းရောင်ပလတ်စတစ်အိတ်နှစ်ထပ်ဖြင့် ထုပ်ပိုးထားသော ငွေကျပ်သိန်း၆၀ကို ပြန်လည်ပေးအပ်ပြီး ပြန်သွားခဲ့ကြသည်။ အဆိုပါငွေများကို သေတ္တာထဲသို့ သိမ်းထားရန် ကြည့်သောအခါ ငွေကျပ်တစ်သိန်းအုပ်တစ်အုပ်လျှင် အပေါ်အောက် တစ်ထောင်တန် အသေးညှပ်၍ ဖယောင်းစက္ကူပါးဖြင့် အထုပ် ၂၀ထုပ်ထားပြီး ၎င်းအထုပ်များ အောက်တွင် ဂျာနယ်၊ ကာတွန်းစာအုပ်များခံ၍ ထည့်ထားသည်ကို တွေ့ရကာ ငွေသားမှာ ကျပ် ၁၀၀၀တန် ၂၀ရွက်သာ ပါရှိသဖြင့် အရေးယူပေးရန် တိုင်ကြားခဲ့ခြင်းဖြစ်သည်။ ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ ဗဟန်းရဲစခန်းမှ ဦးကျော်သန်းပါလေးဦးအား ယင်းနေ့မှာပင် (ပ)သတင်းချက်အမှတ် ၁၂၄/၂၀၀၈၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၂၀/၁၁၄ ဖြင့် အမှုဖွင့်စုံစမ်းစစ်ဆေးလျက်ရှိသည်။ **(သတင်းစဉ်)**

ဘုရားအလှူခံပုံးအတွင်းမှ ငွေများခိုးယူသူ အရေးယူ

ရန်ကုန် မတ် ၆

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် စစ်ပင်တောင်ရပ်ကွက်တွင်ရှိသော လေးကျွန်းစကြာရှင် မဟာဆုတောင်းပြည့်ဘုရားအတွင်းရှိ အလှူခံပုံး ခြောက်ပုံးအတွင်းမှ အလှူခံရငွေကျပ်၁၅၀၀၀၀မှာ ပျောက်ဆုံး ခိုးယူခံရကြောင်း ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးတင်စိန်က စစ်ဆေးတွေ့ရှိရသဖြင့် မတ်၃ရက်က ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရဲစခန်းသို့ အမှုဖွင့် တိုင်တန်းခဲ့သည်။

အရေးယူ

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရဲစခန်းမှ အမှုအားစုံစမ်းခဲ့ရာ စစ်ပင်တောင်ရပ်ကွက်နေ မျိုးအောင်ဆိုသူသည် အလှူခံပုံးအတွင်းရှိ ငွေများအားခိုးယူကြောင်း သိရသဖြင့် မျိုးအောင်အား ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရဲစခန်းမှ (ပ) ၇၀/၀၈ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၃၈၀ဖြင့် အရေးယူစစ်ဆေးလျက်ရှိသည်။

(သတင်းစဉ်)

အတူအလုပ်လုပ်ကိုင်သူထံမှ ငွေခိုးယူ

ရန်ကုန် မတ် ၆

မတ် ၃ ရက် နံနက် ၈နာရီက မောင်ရာပြည့် သာယာကုန်းရပ်ကွက် မင်္ဂလာတောင်ညွန့်မြို့နယ်နေသူသည် ၎င်းအလုပ်လုပ်သော ဂေအက်စ်အက်စ် ဒံပေါက်ဆိုင်အတွင်း အိပ်ရာခေါင်းရင်းရှိ မြွေရေခွံအိတ်ထဲတွင် ငွေကျပ်၁၅၀၀၀၀ ထည့်ထားရာမှ ပျောက်ဆုံးနေကြောင်း တွေ့ရှိရသဖြင့် မင်္ဂလာတောင်ညွန့်ရဲစခန်းသို့ အမှုဖွင့်တိုင်တန်းခဲ့သည်။

ပြန်လည်သိမ်းဆည်း

မင်္ဂလာတောင်ညွန့်ရဲစခန်းမှ အမှုအားစုံစမ်းဖော်ထုတ်ခဲ့ရာ ပိုက်ဆံခိုးယူသူမှာ တစ်ဆိုင်တည်း အတူအလုပ်လုပ်သူ ဖိုးသန်းဇော်၅၀/ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေသူဖြစ်ပြီး ခိုးယူထားသောငွေများအား ပြန်လည် သိမ်းဆည်းနိုင်ခဲ့သည်။

ပြစ်မှုကျူးလွန်သူ ဖိုးသန်းဇော်အား မင်္ဂလာတောင်ညွန့်ရဲစခန်းမှ (ပ) ၂၅၃/၀၈၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၃၈၀ဖြင့် အမှုဖွင့်အရေးယူ စစ်ဆေးလျက်ရှိသည်။ **(သတင်းစဉ်)**

တပ်မတော်မှအသုံးမလိုတော့သည့်ပစ္စည်းများအား အောက်ပါအတိုင်း လေလံတင်ထုခွဲရောင်းချမည်ဖြစ်ပါသည်-

ယသရ (၁) မင်္ဂလာဒုံ

၁၄-၃-၂၀၀၈ရက်မှ ၁၆-၃-၂၀၀၈ရက်အထိ

စဉ်	ပစ္စည်းရှိရာတပ်	နေရာ	ပစ္စည်းအမျိုးအစား
(က)	ဘလမ(၁)	မြိုင်ကလေး	အိတ်ချုပ်စက်။
(ခ)	ဆအတ (၄)	တိုက်ကြီး	မြေထိုးစက်၊ မြေသယ်ယာဉ်။
(ဂ)	ဆလအခွဲ (၉၈၁)	မင်္ဂလာဒုံ	မော်တာ၊ ယာဉ်။
(ဃ)	ခယလ	အင်းတကော်	မြေထိုးစက်၊မြေတူးစက်။
(င)	အစရ (၉၀၇)	ပုသိမ်	ရေစုပ်စက်။
(စ)	ဆအတ (၁)	သန်လျင်	ယာဉ်။
(ဆ)	ဆလအခွဲ (၉၆၀)	မင်္ဂလာဒုံ	မီးစက်၊ ရေစက်။
(ဇ)	ထပရ (၃၂၃)	မင်္ဂလာဒုံ	ထုပ်ပိုးခွံ။
(ဈ)	ထပရ (၅၂၅)	မော်လမြိုင်	ထုပ်ပိုးခွံ။
(ည)	ထပရ (၉၃၅)	ဘားအံ	ထုပ်ပိုးခွံ။
(ဋ)	ယသရ (၁)	မင်္ဂလာဒုံ	စက်ဘီး၊ ဆိုင်ကယ်၊ ယာဉ်။
(ဌ)	စနရ (၁)	အင်းတိုင်	ယာဉ်အပိုပစ္စည်း၊ တာယာ၊ ကျွတ်၊ ဘက်ထရီ၊ ရုံးသုံး၊ စက်ကိရိယာ။
(ဍ)	တပ်မတော်ဖိနပ်စက်ရုံ	အင်းတိုင်	သားရေအတိုအစ၊ ထုပ်ပိုးပစ္စည်း၊ စက်အရန်ပစ္စည်း။
(ဎ)	တပ်မတော်ဘောလုံးစက်ရုံ	မှော်ဘီ	လျှပ်စစ်ပစ္စည်း၊ စက်အရန်ပစ္စည်း။
(ဏ)	တပ်မတော်အထည်ချုပ်စက်ရုံ	သမိုင်း	စက်ပစ္စည်း၊ ထုပ်ပိုးပစ္စည်း။
(တ)	တပ်မတော်မိုးရေကာဖျင်စက်ရုံ	မရမ်းကုန်း	ထုပ်ပိုးပစ္စည်း။
(ထ)	တပ်မတော်သတ္တုပစ္စည်းစက်ရုံ	အုတ်ကျင်း	စတီး၊ သံပြား၊ ကော်စေ့ဖြတ်စ။
(ဒ)	မြန်မာစီးပွားရေးကော်ပိုရေးရှင်း ရွှာမ(၁) အမှတ်(၃)သံမဏိစက်ရုံ		တာယာ၊ဘက်ထရီ၊ ပလတ်စတစ်ပုံးခွံ။

ပယန (မန္တလေး)

၁၇-၃-၂၀၀၈ရက်မှ ၁၉-၃-၂၀၀၈ ရက်အထိ

စဉ်	ပစ္စည်းရှိရာတပ်	နေရာ	ပစ္စည်းအမျိုးအစား
(က)	တအယ	ပြင်ဦးလွင်	မြေထိုးစက်။
(ခ)	ယတရ (၂)	မြစ်ငယ်	မြေကော်တင်စက်။
(ဂ)	ဆလအခွဲ (၉၅၁)	မန္တလေး	ဖွဲထွန်စက်။
(ဃ)	ဆလအခွဲ(၉၅၉)	လားရှိုး	မီးစက်၊ ရေစက်။
(င)	ရထပ (၁)	မိတ္ထီလာ	ထုပ်ပိုးခွံ။
(စ)	ထပရ (၁၂၁)	မန္တလေး	ထုပ်ပိုးခွံ။
(ဆ)	ထပရ (၂၂၂)	ရွှေညောင်	ထုပ်ပိုးခွံ။
(ဇ)	ထပရ (၇၂၇)	မြစ်ကြီးနား	ထုပ်ပိုးခွံ။
(ဈ)	ထပရ (၉၂၉)	မုံရွာ	ထုပ်ပိုးခွံ။
(ည)	ထပရ (၉၃၁)	နမ့်စန်	ထုပ်ပိုးခွံ။
(ဋ)	ထပရ (၉၃၂)	ကျိုင်းတုံ	ထုပ်ပိုးခွံ။
(ဌ)	ပယန (မန္တလေး)	မန္တလေး	စက်ဘီး၊ ဆိုင်ကယ်၊ ယာဉ်။
(ဍ)	ပပန (မန္တလေး)	မန္တလေး	တာယာ၊ ကျွတ်၊ ဘက်ထရီ၊ ရုံးသုံးစက်ကိရိယာ။
(ဎ)	တပ်မတော်သားရေစက်ရုံ	မန္တလေး	ဂရန်းအနားလှီးစ၊ အပါးထိုးစ။
(ဏ)	တပ်မတော်ချည်ထည်စက်ရုံ	မိတ္ထီလာ	စက်ပစ္စည်း၊ ထုပ်ပိုးပစ္စည်း။
(တ)	မြန်မာစီးပွားရေးကော်ပိုရေးရှင်း		
	(၁) ဂေါတန်လုပ်ငန်း	မန္တလေး(ထုံးဘို)	တာယာ၊ ဘက်ထရီ၊ ပုံးခွံ။
	(၂) သကြားစက်ရုံ	ကန့်ဘလူ	ဘက်ထရီမျိုးစုံ (၄၅/၄၆)ပုံးခွံ။

ပစ္စည်းများအား ၈-၃-၂၀၀၈ရက်မှ ၁၂-၃-၂၀၀၈ရက်အထိ ရုံးချိန်အတွင်း သွားရောက် ကြည့်ရှုနိုင်ပါသည်။

အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မြေတိုင်းရပ်ကွက်အမှတ်-၃၀/ဘီ၊ မြေကွက် အမှတ်- ၈-ဘီ/၁-အေ၊ ဧရိယာ ၀ ဒသမ ၀၉၁ ဧကရှိသော မြေပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် နေအိမ်အဆောက်အအုံအပါအဝင် အခြားဆက်နွယ်ပတ်သက်သည့် အကျိုးခံစားခွင့် အရပ်ရပ်များအားလုံးတို့အား တရားဝင်အမည်ပေါက် ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိပါကြောင်း ပြောဆိုလာသူ ဦးကျော်တင့် ၁၂/ရကန(နိုင်)၀၅၆၉၉၅ နှင့် ဦးတင်ထွန်း ၁၂/ဥကတ(နိုင်)၁၁၉၄၃၂ ကိုင်ဆောင်သူများနှင့် ကျွန်ုပ်၏မိတ်ဆွေတို့သည် အရောင်းအဝယ်ပြုလုပ်ရန် နှစ်ဦးနှစ်ဖက် ညှိနှိုင်းသဘောတူညီချက်အရ ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအားပေးချေပြီးဖြစ်ပါ၍ အဆိုပါ ပစ္စည်းအရပ်ရပ်တို့နှင့် ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ပြောဆိုလိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထား ခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိခဲ့ပါက အရောင်းအဝယ်အားပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားတော့မည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးစိန်ဝင်း (စဉ်-၆၀၈၂)
B.A, H.G.P,C.B.L, D.B.L,D.M.L
ဥပဒေအကျိုးဆောင်
အမှတ် ၈၆/၈၈၊ အခန်း(၂၀)ဗဟိုလမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၉၉-၂၅၇၃၆။

လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမမျှ မသုံးရ။

နေပြည်တော်တပ်ကုန်း သပြေချောင်းကျေးရွာ လင်းရောင်ခြည်ကျောင်းတိုက်ရှိ ပြည်လုံးချမ်းသာစေတီထီးတော်တင်ပွဲကို ဇန်နဝါရီ ၂၀ရက် နံနက် ၉နာရီက ကျင်းပရာ နယ်မြေခံတပ်နယ်မှူး ဒုတိယဗိုလ်မှူးကြီး စိုးထက်၊ နယ်မြေခံတပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီးတင်ဝင်း၊ အလှူရှင် ဦးကြည်အောင်-ဒေါ်ခင်သောင်း(စိန်ပဒေသာ)တို့က ရွှေထီးတော်ကို မင်္ဂလာပန်းရထားဖြင့် မပင့်ဆောင်မီ ဆရာတော်ထံ ကပ်လှူကြစဉ်။ (က-ပ)

ဓမ္မရိပ်သာတည်ဆောက်ရန် မုဒုံတွင် မြေနှင့်မြေကွက်လှူဒါန်း

မုဒုံ ဖေဖော်ဝါရီ ၂၆

မွန်ပြည်နယ် မုဒုံမြို့နယ် ကော့ခပုံကျေးရွာနေ အလှူရှင် ဦးထော်-ဒေါ်ဖြူမိသားစုက မုဒုံမြို့နယ် မြို့မ(၄) ရပ်ကွက်ရှိ ရေတောင်တောရဘုန်းတော်ကြီးသင် ပညာရေးမူလတန်းလွန်ကျောင်း၏ ဗုဒ္ဓဓမ္မရိပ်သာဆောက်လုပ်ရန်အတွက် ၎င်းတို့ပိုင် ကော့ခပုံကျေးရွာရှိ ငွေကျပ်သိန်း ၅၀ကျော်တန်ဖိုးရှိ မြေနှင့်မြေကွက်တို့နှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများ ဆက်ကပ်လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၂၄ရက်က အဆိုပါမြေကွက်၌ ကျင်းပသည်။

ရှေးဦးစွာ မုဒုံမြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော်ရေတောင်တောရဘုန်းတော်ကြီးသင်ပညာရေးမူလတန်းလွန်ကျောင်း ပဓာနနာယက မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာဝရထံမှ ပရိသတ်တို့က ငါးပါးသီလခံယူဆောက်တည်ကြပြီး အလှူရှင် ဦးထော်-ဒေါ်ဖြူမိသားစုတို့က မြေ၊ မြေတို့နှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို ရေတောင်တောရဘုန်းတော်ကြီးသင် ပညာရေးမူလတန်းလွန်ကျောင်း ပဓာနနာယကဆရာတော်ဘဒ္ဒန္တပညာဝရထံဆက်ကပ်လှူဒါန်းကြောင်း သိရသည်။ **(ယာပုံ)**

(က-ပ)

စာကြည့်တိုက်အဆောက်အအုံသစ် ကျောက်ဆည်၌ဖွင့်

ကျောက်ဆည် ဖေဖော်ဝါရီ ၁၃

(၆၁)နှစ်မြောက်ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ကျေးရွာအုပ်စုလုံးကျွတ် စာကြည့်တိုက် အဆောက်အအုံသစ်များ ဖွင့်ပွဲအခမ်းအနားကို မန္တလေးတိုင်း ကျောက်ဆည်မြို့နယ် ရဲဘော်ကြီးကျေးရွာအုပ်စု ရဲဘော်လေးကျေးရွာတွင် ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်သူ၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးအရာရှိ ဦးညွန့်ရွှေ၊ ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးမောင်မောင်ဝင်းနှင့် ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးစိုးလွင်တို့က ပြည်သူ့မိတ်ဆွေမွန်စာကြည့်တိုက် အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ပေးအပ်လှူဒါန်း

ဆက်လက်၍ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စေတနာရှင်ပြည်သူများက ငွေကျပ် ၅၀၀၀၀ တန်ဖိုးရှိ သုတ/ရသမဂ္ဂဇင်းစာအုပ်မျိုးစုံ၊ ကျေးရွာပြည်သူများ စုပေါင်းလှူဒါန်းကြသည့် ရေဒီယိုတစ်လုံးနှင့် ငွေပဒေသာပင် ကျပ်၂၀၀၀၀၀ကို တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းကြသည်။ **(ခရိုင် ပြန်/ဆက်)**

လောင်းလှူ

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲမြို့နယ်၏ မြတ်စေတနာဘုံဆွမ်းလောင်းအသင်းက ကြီးမှူး၍ ဖေဖော်ဝါရီ ၂၉ ရက်က အောင်ဆန်းလမ်းနှင့် သီရိမင်္ဂလာလမ်းထောင့်၌ ရဟန်း သံဃာတော်များအား ဆွမ်းနှင့် ဆွမ်းဟင်းများ လောင်းလှူကြစဉ်။

(က-ပ)

ကြည့်ရှုစစ်ဆေး

ဟသ်ာတမြို့ ပန်းဘဲတန်းဘုရားကြီး ဥယျာဉ်တောင်ရပ်ကွက် မီးသတ်ယာဉ် ကြံ့ခိုင်မှုနှင့် ဥယျာဉ်မြောက်ရပ်ကွက် မီးဘေးကြိုတင်ကာကွယ်ရေး ရေသိုလှောင်ထားမှုကို တာဝန်ရှိသူများက မီးသတ်ပိုက်များဖြင့် လက်တွေ့ ရေထုတ်မှုကို ဇန်နဝါရီ ၂၉ရက်က မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကျော်နိုင်နှင့် မီးသတ်ဦးစီးမှူး ဦးစိုးဝင်းတို့ ကြည့်ရှုစစ်ဆေးစဉ်။ (၁၄၆)

ပြည်သူ့ သဘောထား

★ တည်ငြိမ်မှုကို လိုလားသည်

★ အေးချမ်းမှုကို လိုလားသည်

★ ဆူပူအကြမ်းဖက်မှုကို မလိုလား

တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်နှင့် ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် ရွှေလီ-မန်စံ-ရွှေစာရံမဟာဓာတ်အားလိုင်း တည်ဆောက်ရေးစီမံကိန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၆

ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းနာယက ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း) ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်တို့သည် မတ် ၁ ရက် ညပိုင်းတွင် လားရှိုးမြို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းရုံးခန်းမ၌ ဖွင့်လှစ်သင်ကြားလျက်ရှိသည့် တက္ကသိုလ်ဝင် နွေရာသီစာသင်ဝိုင်းသို့ သွားရောက်၍ အမှာစကားပြောကြားကြသည်။

စာမျက်နှာ ၉ ကော်လံ ၁ ●

ရောဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေ ဟင်္သာတမြို့နယ်ရှိ မြို့ကွင်းလျှပ်စစ်မြစ်ရေတင် စီမံကိန်း ရေတင်စခန်း အမှတ်(၁)တွင် ရေတင်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

သာယာမည်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေ မြို့ကွင်းလျှပ်စစ်မြစ်ရေတင်စီမံကိန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၆

ရောဝတီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေသည် တာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ ၂၉ ရက်က ဟင်္သာတမြို့ လက်သမားရပ်ကွက် ဦးပါရဲဘုရားအနီး ရောဝတီမြစ်ကမ်းထိန်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု၊ ဟင်္သာတမြို့ ဖောင်ဆိပ်ကျေးရွာအုပ်စု ဦးမိုးလေးတာတွင် အရှည်ပေ ၂၆၄၀ အား မြေဖို့လုပ်ငန်းဆောင်ရွက်ထားရှိမှုနှင့် အိပ်ပျက်တာအား ဆည်မြောင်းဦးစီးဌာနမှ သဲကြောဖြတ်ခြင်းနှင့် တာခြေကန်ခြင်း လုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၉ ကော်လံ ၂ ■

★ မိုးလုံးပြည့် မုသာဝါဒီ RFA VOA နှင့် BBC

★ RFA VOA BBC အဖျက်သမားများ သတိထား

★ RFA VOA နှင့် BBC

လေလှိုင်းပေါ်က လူသတ်သမားများ

ပြည်သူအားလုံး သတိထား